# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ပျော်ဘွယ်မြို့နယ်တွင် မြို့နေလူထု တိုးပွားလာမှု၊ ဝန်ထမ်းအိမ်ရာ မလုံလောက်မှု၊ ကျူးကျော် အိမ်ထောင်စုများ များပြားလာမှုတို့ကြောင့် မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်း စီမံဌာနပိုင်မြေမှ အသုံးမပြုတော့သည့် မြေအား မြို့မြေအဖြစ် တိုးချဲ့လွှဲပြောင်း သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) မြန်မာနိုင်ငံတွင် အများအပြားထွက်ရှိနေသော အုန်းသီးအခြေပြု၍ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေသော လုပ်ငန်းငယ်ကလေးများအား စုစည်း၍ ပိုမိုကျယ်ပြန့်သော နည်းပညာနှင့်ငွေကြေး ပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | (ဂ) နမ္မတူမြို့နယ်ရှိ နမ္မတူမြို့မ ရဲစခန်း၊ အချုပ်ခန်း၊ အပြင်လျှောက်လမ်း၊ အပြင်ပတ်လမ်းရှိ ဆွေးမြည့်နေသော သစ်သားချောင်းများ၊ အကာအရံများ အစား ပိုမိုခိုင်ခံ့သော သစ်သားများ သို့မဟုတ် သံလုံးများဖြင့် ပြုပြင်ပေးနိုင်ရန်၊ အချုပ်သားများ အတွက် ဆေးရုံအချုပ်ခန်း သို့မဟုတ် ဆေးရုံရှိ အခန်းတစ်ခန်းကို သီးသန့်အခန်း အနေဖြင့် ဆောင်ရွက်ပေးရန်၊ ရဲအင်အား တိုးမြှင့် ခန့်ထားပေးရန်၊ နမ္မတူနှင့် ဘော်တွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိနေသော ရဲဝန်ထမ်း အိမ်ရာများ ပြင်ဆင် ဆောက်လုပ်ပေးရန်၊ နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ဘော်တွင်းနယ်မြေရဲစခန်းတို့အား ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |

| | | |
|---|---|---|
| ၉ | (ဃ) ကမာရွတ်မြို့နယ်တွင် မီးသတ် စခန်းတစ်ခု ဖွင့်လှစ်နိုင်ရေး အတွက် လိုအပ်နေသည့် သန္ဓေမီးသတ်စခန်း မြေနေရာတစ်ခုရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၂ |
| ၁၀ | (င) ထားဝယ်ခရိုင်၊ မေတ္တာမြို့အဖြစ် ရပ်ကွက် (၃) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရာ ယင်းရပ်ကွက်များရှိ လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်ထားသည့် မြေကွက် များကို နှစ်ပေါင်း (၉၀) အထိ လဲလှယ်ခွင့်ရှိသော ဂရန်များ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၅ |
| ၁၁ | (စ) လင်းခေးမြို့ရှိ ပျက်စီးယိုယွင်းနေပြီဖြစ်သော လူထုရုံကြီးအား အသစ်ပြန်လည် တည်ဆောက်ပေးရေးနှင့် အဆောက်အဦဘေးရှိ မြေကွက်လပ်များကို အများပြည်သူ အသုံးပြုနိုင်ရန် မည်သို့ဆောင်ရွက် ပေးနိုင်မည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၇ |
| ၁၂ | ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း | ၃၁ |
| ၁၃ | ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေက ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း | ၄၁ |
| ၁၄ | ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း | ၄၆ |
| ၁၅ | ဦးခင်ချို၊ လှိုင်းလွဲ့မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၇၃ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄) ရက် မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၇၈ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၁၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄–၆–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်တွင် မြို့နေလူထု တိုးပွားလာမှု၊ ဝန်ထမ်းအိမ်ရာ မလုံလောက်မှု၊ ကျူးကျော်အိမ်ထောင်စုများ များပြားလာမှုတို့ကြောင့် မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်း စီမံဌာနပိုင်မြေမှ အသုံးမပြုတော့သည့် မြေအား မြို့မြေအဖြစ် တိုးချဲ့လွှဲပြောင်းသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် အများအပြား ထွက်ရှိနေသော အုန်းသီးအခြေပြု၍ စားသောက်ကုန်များ၊ လူသုံးကုန်**

**ပစ္စည်းများ ထုတ်လုပ်နေသော လုပ်ငန်းငယ်ကလေးများအား စုစည်း၍ ပိုမိုကျယ်ပြန့်သော နည်းပညာနှင့် ငွေကြေးပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **နမ္မတူမြို့နယ်ရှိ နမ္မတူမြို့မ ရဲစခန်း၊ အချုပ်ခန်း၊ အပြင်လျှောက်လမ်း၊ အပြင်ပတ်လမ်းရှိ ဆွေးမြည့်နေသော သစ်သားချောင်းများ၊ အကာအရံများ အစား ပိုမိုခိုင်ခံ့သော သစ်သားများ သို့မဟုတ် သံလုံးများဖြင့် ပြုပြင်ပေးနိုင်ရန်၊ အချုပ်သားများ အတွက် ဆေးရုံအချုပ်ခန်း သို့မဟုတ် ဆေးရုံရှိ အခန်းတစ်ခန်းကို သီးသန့်အခန်း အနေဖြင့် ဆောင်ရွက်ပေးရန်၊ ရဲအင်အား တိုးမြှင့်ခန့်ထားပေးရန်၊ နမ္မတူနှင့် ဘော်တွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိနေသော ရဲဝန်ထမ်းအိမ်ရာများ ပြင်ဆင် ဆောက်လုပ်ပေးရန်၊ နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ဘော်တွင်းနယ်မြေရဲစခန်းတို့အား ပြန်လည် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကျော်မင်း၊ ကမာရွတ် မဲဆန္ဒနယ်၏ **ကမာရွတ်မြို့နယ်တွင် မီးသတ်စခန်းတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်နေသည့် သန္တေမီးသတ်စခန်း မြေနေရာတစ်ခုရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ထားဝယ်ခရိုင်၊ မေတ္တာမြို့အဖြစ် ရပ်ကွက် (၃) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရာ ယင်းရပ်ကွက်များရှိ လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်ထားသည့် မြေကွက်များကို နှစ်ပေါင်း (၉၀)အထိ လဲလှယ်ခွင့်ရှိသော ဂရန်များ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့ရှိ ပျက်စီးယိုယွင်းနေပြီဖြစ်သော လူထုရုံကြီးအား အသစ်ပြန်လည်တည်ဆောက်ပေးရေးနှင့် အဆောက်အဦဘေးရှိ မြေကွက်လပ်များကို အများပြည်သူအသုံးပြုနိုင်ရန် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **"အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း–

(က) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၊

(ခ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဂ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၊

(ဃ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(စ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဆ) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၊

(ဇ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဈ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ည) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ဋ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၊

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## (၁၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၈၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ရှင့်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါ်တာဒေါ်အေဇင်လတ် ခွင့် ၂ ရက်၊

(၃) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၄) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊

(၅) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၆) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊

(၇) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၈) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၁၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်နှင့်

(၁၂) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ၁ ခွင့် ရက်တို့ဖြစ်ကြပါတယ်ရှင့်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၁ ဦး ဖြစ်ပါတယ်ရှင့်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပျော်ဘွယ်မြို့နယ်တွင် မြို့နေလူထုတိုးပွားလာမှု၊ ဝန်ထမ်းအိမ်ရာမလုံလောက်မှု၊ ကျူးကျော်အိမ်ထောင်စုများ များပြားလာမှုတို့ကြောင့် မြန်မာ့အထည်အလိပ်လုပ်ငန်းစက်မှုကုန်ကြမ်း စီမံဌာနပိုင်မြေမှ အသုံးမပြုတော့သည့်မြေအား မြို့မြေအဖြစ် တိုးချဲ့လွှဲပြောင်းသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆန္ဒပြုပါတယ်။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ပျော်ဘွယ်မြို့နယ်မှာ မြို့နေလူဦးရေတိုးပွားလာမှု၊ ဝန်ထမ်းအိမ်ရာမလုံလောက်မှု၊ ကျူးကျော်အိမ်ထောင်စုတွေများပြားလာမှုတို့ကြောင့် မြို့ပြအင်္ဂါရပ်နှင့်အညီ မြို့နေပြည်သူလူထု လူမှုစီးပွားရေးဘဝများကောင်းမွန်စွာတည်ဆောက်နိုင်ဖို့အတွက် ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်း စီမံဌာနပိုင်မြေကနေပြီး အသုံးမပြုတော့တဲ့မြေအချို့ကို မြို့မြေအဖြစ် လွှဲပြောင်းသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါ။ ပျော်ဘွယ်မြို့နယ်ဟာ မြန်မာပြည်အလယ်ပိုင်း၊ ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းကနေ ရခိုင်ပြည်နယ်အထိဆက်သွယ်တဲ့ လမ်းဆုံမှာတည်ရှိတဲ့ မြို့ဖြစ်ပါတယ်။ မြို့ရဲ့ဧရိယာဟာ ၂.၈၅ စတုရန်းမိုင် ၁၈၂၆ ဧကခန့်သာရှိပါတယ်။ မြို့ပေါ်ရပ်ကွက်ကိုးရပ်ကွက်၊ အိမ်ခြေ ၆၁၃၂ အိမ်နဲ့ အိမ်ထောင်စု ၆၁၆၅၊ ကျား/မလူဦးရေ ၃၀၇၄၈ ဦးခန့် ရှိပါတယ်။ မြို့မြေဧရိယာအတွင်းမှာ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်လမ်းမကြီး ကားလမ်းမကြီးနှစ်ခုအပြင် ရန်ကုန်-မန္တလေးရထားလမ်းနှင့် ဘူတာရပ်ဝန်းလည်း တည်ရှိပါတယ်။ ဒါကြောင့်မို့လို့ လူနေအိမ်ခြေအတွက် မြေဧရိယာလုံလောက်မှုအားနည်းလျက်ရှိပါတယ်။ နေ့စဉ်တိုးပွားနေတဲ့ လူဦးရေစာရင်းက ၂၀၁၆ ခုနှစ်အကုန်အထိ ကျူးကျော်နေထိုင်သူများစာရင်းက သာသနာ့မြေကျူး ၄၁ ဦး၊ ရထားသံလမ်းမြေကျူး ၁၁၉ ဦး၊

လယ်မြေကျူး ၃၂၀ ဦး၊ လမ်းမြေကျူး ၁၅ ဦး၊ သမဝါယမမြေကျူး ၈၀ ဦး၊ အခြားမြေကျူး ၇၄ ဦးနှင့် ၆၄၉ ဦး ရှိပါတယ်။

ဒါ့အပြင် ပျော်ဘွယ်မြို့မှာ တာဝန်ထမ်းဆောင်နေတဲ့ ဌာနဆိုင်ရာ ၃၇ ဦးရှိပြီး လက်ရှိခန့်အပ်ထားတဲ့ဝန်ထမ်းက ၂၉၄၆ ဦးရှိပါတယ်။ ဒီဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာမရရှိသေးတဲ့သူက ၂၆၇ ဦးရှိပါတယ်။ ဒါ့အပြင် ထပ်မံခန့်အပ်မယ်ဆိုရင် ဝန်ထမ်းလိုအပ်ချက်က ၁၁၆၅ ဦးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကျူးကျော်နေတဲ့ နေအိမ် နေထိုင်သူ ၆၄၉ ဦး၊ ဝန်ထမ်းအိမ်ရာမရှိသေးတဲ့ ၂၆၇ ဦးနှင့် ထပ်မံလိုအပ်လာနိုင်တဲ့ဝန်ထမ်း ၁၁၆၅ ဦးတို့အတွက် အိမ်ရာတွေချပေးဖို့ လိုအပ်ပါတယ်။ ၎င်းတို့အတွက် မြို့ပြမြေအဖြစ် သတ်မှတ်နေရာချထားပေးနိုင်ဖို့ ရှာဖွေတဲ့အခါမှာ ပျော်ဘွယ်မြို့ရဲ့ ပြည်သာယာရပ်ကွက်အရှေ့ဘက်ခြမ်း၊ ရွှေပြည်ရန်အောင်ရပ်ကွက် မြောက်ဘက်မှာရှိတဲ့ ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်းစီမံဌာနရဲ့ ပိုင်မြေကနေပြီးတော့ အသုံးမပြုတော့တဲ့ အစိတ်အပိုင်းကို ဌာနရဲ့လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး မြို့မြေအဖြစ် ခွင့်ပြုပေးရင် သင့်လျော်မယ်လို့ ဖော်ထုတ်ရရှိပါတယ်။ အဆိုပါမြေဟာ ဧရိယာ ၃၂၅.၇၉ ဧကရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၃၁-၁၂-၂၀၁၀ ရက်စွဲပါစာအမှတ်နဲ့ အမှတ်(၉၉) မြေမြန်တပ်မဌာနချုပ်ကနေ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်းသီးနှံဌာနပိုင်မြေအဖြစ် လွှဲအပ်ခဲ့တဲ့မြေဖြစ်ပါတယ်။ ဒီမြေပေါ်မှာ ၂၀၀၈-၂၀၀၉ ခုနှစ်ကစပြီး ဝါးဂွမ်း ဧက ၂၀၀ ခန့်စိုက်ပျိုးပါတယ်။ ဒါပေမဲ့ ဒီကုန်ကြမ်းထုတ်လုပ်ခဲ့ပေမဲ့လည်း ၂၀၁၂-၂၀၁၃ ခုနှစ်ကနေစပြီးတော့ စက်မှုကုန်ကြမ်း သီးနှံတွေစိုက်ပျိုးခြင်းမရှိတော့တာ တွေ့ရပါတယ်။ ဒီဌာနကလည်း ဝန်ကြီးဌာနအနေနဲ့ ဖွဲ့စည်းပုံအရ ဖျက်သိမ်းလိုက်တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ပျော်ဘွယ်မြို့နယ်မှာ တိုးပွားလာတဲ့လူဦးရေတွေ၊ ဝန်ထမ်းအိမ်ရာမလုံလောက်မှုတွေ၊ ကျူးကျော်နေထိုင်သူတွေအတွက် မြို့ပြအင်္ဂါရပ်နှင့်အညီ ဒီပြည်သူလူထုရဲ့စီးပွားဘဝတွေ တိုးတက်ကောင်းမွန်လာအောင် တည်ဆောက်နိုင်ဖို့အတွက် ပြည်သာယာရပ်ကွက်အရှေ့ဘက်အခြမ်းနှင့် ရွှေပြည်ရန်အောင်မြောက်ဘက်အခြမ်းမှာရှိတဲ့ ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်း စီမံဌာနပိုင်အသုံးမပြုတော့တဲ့ စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးမြေဧက ၃၂၅.၇၉ ဧကကနေပြီးတော့ သင့်လျော်တဲ့မြေကို မြို့မြေအဖြစ် သတ်မှတ်ပေးနိုင်ရေးအတွက် ဤမေးခွန်းကို မေးမြန်းတင်ပြရခြင်းဖြစ်ပါကြောင်း တင်ပြလျက် နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၏ ပျော်ဘွယ်မြို့နယ်တွင် မြို့နေလူထုတိုးပွားလာမှု၊ ဝန်ထမ်းအိမ်ရာမလုံလောက်မှု၊ ကျူးကျော်အိမ်ထောင်စုများ များပြားလာမှု တို့ကြောင့် မြို့ပြအင်္ဂါရပ်နှင့်အညီ လူမှုစီးပွားရေးဘဝများ ကောင်းမွန်စွာတည်ဆောက်နိုင်ရန်အတွက် စက်မှု(၁)ဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်းစီမံဌာနပိုင်မြေမှ အသုံးမပြု တော့သည့်မြေအား မြို့မြေအဖြစ် တိုးချဲ့လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်း၊ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)ကြီးကြပ်မှုအောက်ရှိ ပျော်ဘွယ်ဝါစိုက်ကွင်းမြေသည် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း အရှေ့ဘက်မိုင်တိုင် အမှတ်(၃၁၂)နှင့် (၃၁၃)အကြား၊ ရွှေပြည်ရန်အောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၄၉)/တနင်္ဂသီကွင်း၊ ကွင်းအမှတ်(၁၅၀)/ညောင်လှကွင်းနှင့် ကွင်းအမှတ်(၁၈၈)/ဘူတာရုံကွင်းတို့တွင် တည်ရှိပြီး စုစုပေါင်း ၃၂၉.၇၉ ဧက ကျယ်ဝန်းသောမြေဖြစ်ပါတယ်။ ယခင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည် အလိပ်လုပ်ငန်း၊ စက်မှုကုန်ကြမ်းစီမံရေးဌာနပိုင်မြေအဖြစ် အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီး ဌာနမှ အခမဲ့လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ဌာနအစီ အစဉ်ဖြင့် မိုးကြို၊ မိုးနှောင်းချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်ခဲ့သော်လည်း ယခုအခါ အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)အား ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ကိုကိုမြင့်ကုမ္ပဏီနှင့် ကုန်ကြမ်းပေးကုန်ချော ယူစနစ်ဖြင့် (၁/၄၀) အဆင့်မြင့်ချည်များကို အကျိုးတူစမ်းသပ်ထုတ်လုပ်ခဲ့ရာ အောင်မြင်လျက်ရှိနေပါ တယ်။ ယခင်က စက်မှုကုန်ကြမ်း သီးနှံ့ဝါစိုက်ပျိုးခဲ့သည့် ဖော်ပြပါမြေသည် ဝါစိုက်ပျိုးခြင်းမရှိတော့ သည့်အတွက် မြေလွတ်အဖြစ် ကျန်ရှိနေခြင်းဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ပျော်ဘွယ်ဝါစိုက်ကွင်းမြေမှ မြေဧရိယာ ၂၂ ဧကအား ဒေသခံပြည်သူများ၏တောင်းဆိုချက်အရ သီရိဝဏ္ဏဂေါက်ကွင်းအဖြစ် ၂၀၁၄ ခုနှစ် ဧပြီလမှစတင်၍ ယာယီအသုံးပြုခွင့်ပေးထားခဲ့ပါတယ်။ ယခုအခါ ဝါစိုက်ပျိုးမှုမရှိတော့သော ကွင်းအမှတ်(၁၈၈)/ဘူတာရုံကွင်း မြေ ၃၅.၈၆ ဧကနှင့် ကွင်းအမှတ်(၁၄၉)/တနင်္ဂသီကွင်း၏ တောင်ဘက်တစ်စိတ်တစ်ဒေသ မြေ ၆၆.၇၈ ဧက စုစုပေါင်း ၁၀၂.၆၄ ဧက (ဂေါက်ကွင်းမြေအပါအဝင်)အား လိုအပ်ချက်နှင့်အညီ စွန့်လွှတ်ပေးသွားမည်ဖြစ်ပြီး ကျန် ၂၂၃.၁၅ ဧကကို အထည်စက်ရုံများအတွက် အရည်အသွေးပြည့်မီသည့် မျိုးပြုပြင်ထားသော ချည်မျှင်ရှည်ဝါများကို တိုးချဲ့စိုက်ပျိုးရန် ချန်လှပ်ထားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ဝါစိုက်ကွင်းမြေ ၃၂၅.၇၉ ဧကအနက်(ဂေါက်ကွင်းမြေအပါအဝင်) ၁၀၂.၆၄ ဧကအား ပျော်ဘွယ်မြို့နယ် မြို့ပြအင်္ဂါရပ်နှင့်အညီ လူမှုစီးပွားရေးဘဝများ ကောင်းမွန်စွာတည်ဆောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဝန်ကြီးရဲ့ စေတနာ သဒ္ဒါထက်သန်စွာနဲ့ အခုလိုမြို့မြေအဖြစ် ခွဲဝေပေးမယ့်အတွက် မြို့နယ်လူထုကိုယ်စား ကျွန်တော်ကပဲ သာခုသုံးကြိမ်ခေါ်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော် ဆက်ပြီးတော့ တင်ပြလိုတာက ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်ဟာ ဒီမြန်မာပြည်အလယ်ပိုင်းမှာရှိပြီးတော့ ကြက်သွန်၊ ငရုတ်၊ ပဲအမျိုးမျိုးနှင့် နှမ်းထွက်တဲ့ဒေသ ဖြစ်ပါတယ်။ ဒီဒေသကို ရှမ်းပြည်ကရော၊ ရခိုင်ပြည်ကရော၊ တောင်ကရော၊ မြောက်ကရော ကျွန်တော်တို့ကုန်သည်တွေ၊ ကုန်တင်ကားတွေနဲ့ သယ်ယူပို့ဆောင်နေတဲ့နေရာဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်မြို့မြေတင်ပြတောင်းခံတဲ့နေရာမှာလည်း မြို့လူထုဟာ ကားကြီးကွင်းတစ်ခု လိုအပ်နေတယ်။ အင်မတန်မှကိုတောင်းတလျက်ရှိပါတယ်။ နောက်တစ်ခုက ခုနကျွန်တော်တင်ပြခဲ့တဲ့မြေမှာ ဝါးဂွမ်းစိုက်ပျိုးပေမယ့်လည်း အမှန်တကယ်မှာ အမှန်တော့ သိပ်ပြီးတော့ဖြစ်ထွန်းအခြေအနေမရှိပါဘူးခင်ဗျား။ ကျပ်မြေတွေများပါတယ်။ နောက် ဆားငံမြေ၊ ဆပ်ပြာမြေတွေများပါတယ်။ ဒါကြောင့်မို့လို့ မြို့အင်္ဂါရပ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့နေရာမှာ ကျွန်တော်တို့က ဒီနယ်မြေဖြစ်ပါတယ်။ အဲဒီတော့ ဘာမှကျွန်တော်တို့ သိပ်ပြီးတော့ ထိထိရောက်ရောက်စိုက်လို့မရပါဘူး။ ဒါကြောင့်မို့လို့ ဒီ ၁၀၂.၆၄ ဧကပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီထက်မက ကျွန်တော့်အနေနဲ့ ၂၀၀ လောက်ပေါ့လေ။ ၂၀၀ လောက်အထိ ကျွန်တော်တို့ တိုးမြှင့်ပေးနိုင်ဖို့အတွက် ကျွန်တော်ထပ်ဆင့်တင်ပြတောင်းဆိုပါတယ်။

ဝန်ကြီးအနေနဲ့ ဈေးစစ်တယ်လို့တော့မထင်ပါနဲ့ခင်ဗျား။ မြို့အတွက် အင်မတန်လိုအပ်လို့ပါ။ လမ်းဆုံမြို့လည်းဖြစ်နေလို့ပါ။ မြို့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အင်မတန်မှလည်းပဲ မြို့လူထုက လိုလားနေလို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာလေးကိုပေးနိုင်ဖို့ ကျွန်တော့်အနေနဲ့ ထပ်ဆင့်ဆက်စပ်မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ စက်မှုဝန်ကြီးဌာနအနေနဲ့ အသုံးမလိုတော့တဲ့မြေတွေကို အမြဲတမ်းပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိနေပါတယ်။ ဒီနေရာမှာလည်း အခုနက တင်ပြသလို ကိုယ်စားလှယ်ကြီးဆွေးနွေးသွားတဲ့ နယ်မြေဒေသအတွက် အမှန်အကန်လိုတဲ့မြေဧကအနည်းငယ် ထပ်မံလိုအပ်တယ်။ ဧက ၂၀၀ ခန့်တောင်းဆိုခြင်းကိုလည်း ကျွန်တော်တို့ဘက်က ကန့်ကွက်ရန်အကြောင်းမရှိပါဘူး။ သို့သော် ကျွန်တော်တို့ ပြန်လည်ညှိနှိုင်းပြီးတော့ ဝါစိုက်မယ့်မြေများလည်း ပြန်လည်ပြုပြင်ဆဲဖြစ်ပါတယ်။ ၎င်းပြုပြင်ဆဲဧရိယာထဲမှ မြေကျအဖြစ်သုံး၍ခက်ခဲသော နေရာများကို ပြန်လည်စိစစ်ပြီး ကျွန်တော်ထပ်မံပြီးတော့ ခွဲဝေပေးဖို့တော့ စီစဉ်လျက်ရှိနေပါတယ်ခင်ဗျား။ ယခု လက်ရှိမှာတော့ မြေဧရိယာကို မြေအမျိုးအစားပြုပြင်တဲ့နေရာတွေကို ပြန်လည် သတ်မှတ်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ စက်မှုကုန်ကြမ်းတွေကလည်း ဒီယခင်ဝါမဟုတ်တော့ဘဲနဲ့ ဝါသည် အိန္ဒိယနည်းပညာနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ချည်မျှင်ရှည်ဝါအဖြစ်ပြောင်းလဲပြီးတော့ မျိုးပြောင်းလဲပြီးစိုက်ထားခြင်းဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးဖို့အတွက်လည်း မြေဆီကောင်းဖို့လိုပါတယ်။ ခုနကတင်ပြခဲ့တဲ့အတိုင်းပဲ မြေကျပ်တဲ့နေရာတွေလည်း အများကြီးပါဝင်ပါတယ်။ မြေကျပ်နေရာတွေကို ရွေးချယ်ပြီးတော့ ပြန်လည်ပြီးတော့ ကားလမ်းနဲ့ အဝင်အထွက်သင့်တင့်တဲ့နေရာကို သတ်မှတ်ပြီး ကျွန်တော်ထပ်ပြီးတော့ မျှဝေပေးမယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ညှိနှိုင်း ပြန်လည်စိစစ်လို့ရှိရင်တော့ အခု လွှတ်တော်မှာ ပြောထားတဲ့ဧကထက်တော့ မလျော့ဖို့တော့ သတိပြုပေးပါ။

**မြန်မာနိုင်ငံတွင် အများအပြားထွက်ရှိနေသော အုန်းသီးအခြေပြု၍ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေသော လုပ်ငန်းငယ်ကလေးများအား စုစည်း၍ ပိုမိုကျယ်ပြန့်သော နည်းပညာနှင့် ငွေကြေးပံ့ပိုးပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး...

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ကိုယ်စားလှယ် တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက မြန်မာနိုင်ငံမှာ အများအပြားထွက်ရှိနေသောအုန်းသီးကိုအခြေပြု၍ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ထုတ်လုပ်နေသောလုပ်ငန်းငယ်ကလေးများကို စုစည်းပြီးတော့ ပိုမိုကျယ်ပြန့်သောနည်းပညာနှင့် ငွေကြေးပံ့ပိုးပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါ။ စွယ်စုံရအပင်ဖြစ်တဲ့ အုန်းပင်ဟာ အပူပိုင်းဇုန်မှာ ပေါက်ရောက်တဲ့အပင် ဖြစ်ပါတယ်။ အပူချိန် ၂၇ ˚C နဲ့ မိုးရေချိန် ၆၀ လက်မနှင့် ၁၀၀ လက်မအတွင်းမှာ ဖြစ်ထွန်းတဲ့အပင် ဖြစ်ပြီးတော့ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၉၃ နိုင်ငံမှာ စိုက်ပျိုးနေကြပါတယ်။ အကြီးအကျယ်စိုက်ပျိုးတဲ့နိုင်ငံတွေကတော့ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အိန္ဒိယနိုင်ငံတို့ဖြစ်ပါတယ်။ အပူပိုင်းနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ ဧကပေါင်း ၁၄၁၁၀၀ ခန့် စိုက်ပျိုးပြီးတော့ ၂၀၁၆ ခုနှစ် တစ်နှစ်တာအုန်းသီးထွက်ရှိမှု အရေအတွက်က သန်းပေါင်း ၄၉၀ ကျော်ရှိပါတယ်။ အများဆုံးစိုက်ပျိုးတဲ့နေရာကတော့ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီးတော့ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ဝန်းကျင်တို့မှာ စိုက်ပျိုးကြပါ တယ်။ အုန်းသီးကပေးနိုင်စွမ်းတဲ့ အာနိသင်အများအပြားရှိပါတယ်။ Fiber ဓာတ်ပါတဲ့အတွက်ကြောင့် မို့လို့ အာဟာရကို ပြည့်ဝစေပါတယ်။ Saturates Fat ပါတဲ့အတွက်ကြောင့်မို့လို့ ခန္ဓာကိုယ်ဝဖြိုးမှုကို လျှော့ချစေနိုင်ပါတယ်။ နှလုံးကျန်းမာရေးကို ကောင်းမွန်စေတဲ့အာနိသင်ရှိပါတယ်။ ခန္ဓာကိုယ်မှာ ကိုယ်ခံအားစနစ် Immunity ကိုကောင်းမွန်စေခြင်းအားဖြင့် ရောဂါပိုးမွှားများဖြစ်တဲ့ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်၊ Fungus တို့ကို တိုက်ဖျက်နိုင်စွမ်းရှိပါတယ်။ အချိုဓာတ်ပါဝင်မှုနည်းသည့်အတွက် ဆီးချို လူနာများနှင့်လည်း သင့်တော်ပါတယ်။ အစာချေဖျက်ခြင်းကို ကူညီပေးတယ်လို့ဆိုပါတယ်။ အုန်းစိမ်းရည်က သတ္တုဓာတ်ပိုတက်စီယမ်ရတဲ့အတွက် ဆေးကုသရာမှာ အသုံးပြုနိုင်ပါတယ်။ အုန်းသီးက

ပေးနိုင်စွမ်းရှိတဲ့အာနိသင်ကို အသုံးပြုပြီးတော့ မြန်မာနိုင်ငံအနှံ့မှာ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန် အမျိုးမျိုးထုတ်လုပ်ကြပါတယ်။ အုန်းပင်အသီးကို အသုံးပြုပြီးတော့ နည်းမျိုးစုံအသုံး ပြုကြပါတယ်။ အုန်းပင်စည်ကနေပြီးတော့ အုန်းသားခွဲထုတ်ပြီးတော့ အိမ်ဆောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ အုန်းလက်ကနေပြီးတော့ မီးသွေးထုတ်တယ်။ လောင်စာအဖြစ်အသုံးပြုတယ်။ ဦးထုပ်ထုတ်နိုင်ပါတယ်။ အုန်းတံမြက်စည်း အမျိုးမျိုးထုတ်လုပ်နိုင်ပါ တယ်။ အုန်းခွံကနေပြီးတော့ အုန်းဆံကြိုးထုတ်လုပ်ပါတယ်။ ခြေသုတ်ခုံ၊ အုန်းဆံမျှင်တံမြက်စည်း ထုတ်လုပ်နိုင်ပါတယ်။ အုန်းမုန့်ခွံကနေပြီးတော့ မီးသွေးထုတ်လုပ်ပါတယ်။ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်ပါတယ်။ အုန်းဆံမှုန့်အကြမ်းကနေပြီးတော့ စိုက်ပျိုးရေးသုံးမြေသြဇာအဖြစ် ထုတ်လုပ်နိုင် ပါတယ်။ အုန်းဆံမှုန့်အနုကနေပြီးတော့ မွေ့ယာ၊ ဆိုဖာ၊ ခေါင်းအုံးတို့မှာ ထည့်သွင်းအသုံးပြုနိုင်ပါ တယ်။ အုန်စိမ်းရည်ကိုတော့ ဖျော်ရည်၊ ဆေးဝါးအဖြစ် အသုံးပြုနိုင်ပါတယ်။ အုန်းသားကို မုန့်အမျိုး မျိုးမှာ အသုံးပြုပြီးတော့ အုန်းဆီထုတ်ပြီးတော့လည်း ဆံပင်လိမ်းဆီ၊ ဆပ်ပြာ၊ အလှပြင်ပစ္စည်းအမျိုး မျိုး အသုံးပြုနိုင်ပါတယ်။ အုန်းနို့ရည်ထုတ်ပြီးတော့ အုန်းရည်ကိုလည်း သောက်သုံးရန်အတွက် ထုတ်လုပ်နေတာရှိပါတယ်။ ဒါက အုန်းတုံးကိုအသုံးပြုပြီးတော့ တံတားဆောက်ထားတာ ဖြစ်ပါတယ်။ ဒါမြန်မာ ပြည်မှထုတ်တဲ့ အုန်းဆံကြိုးပါ။ ဒါ ယိုးဒယားက အုန်းနို့အမှုန့်ပါ။ ဒါဟာ နိုင်ငံခြားက ထွက်တဲ့ပစ္စည်းတွေ ပါ။ အုန်းခွံကနေလုပ်တဲ့ ခွက်ကလေးပါ။ ဒါက အလှပြင်ပစ္စည်းအမျိုးမျိုးပါ။ ဒါ လူသုံးကုန်ပစ္စည်းပါ။ စသည်ဖြင့် ပစ္စည်းအမျိုးမျိုးထုတ်လုပ်နေကြပါတယ်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ တို့မှာလည်း ဒီထက်များပြားတဲ့ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြပါတယ်။ ၎င်းတို့အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းအုန်းမှုန့်ကို မြန်မာပြည်က မှာယူတဲ့အခါ အုန်းပင်နဲ့ အုန်းမှုန့်ကို ဝယ်ဖို့ကမ်းလှမ်းတာ လိုသလောက် အမြောက်အမြားမထုတ်နိုင် တဲ့အတွက်ကြောင့်မို့လို့ ရောင်းချမပေးနိုင်ကြောင်း ကျွန်မတွေ့ရှိတဲ့လုပ်ငန်းငယ်ကလေးများက ဆိုပါ တယ်။ ထိုလုပ်ငန်းငယ်လေးများသာ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုလို့ရှိရင် ၎င်းတို့မှ အလုပ်အကိုင် (Jobs Opportunity)များ ပိုမိုရရှိနိုင်ပါတယ်။ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ပါတယ်။ ထုတ်လုပ်ပြီး ရောင်းချ မယ်ဆိုလို့ရှိရင် နိုင်ငံခြားငွေ အများအပြားရရှိနိုင်ပါတယ်။ ထို့ကြောင့်မို့လို့ လုံလောက်သော ကုန်ကြမ်း အရင်းအမြစ်အများကြီးရှိနေသော်လည်း ထုတ်လုပ်ရန် နည်းပညာ၊ စက်ပစ္စည်းနှင့် ငွေကြေးမလုံ လောက်မှုကြောင့် အကန့်အသတ်ဖြစ်နေသော အုန်းလုပ်ငန်းလေးများကို စုစည်းပြီး SME များအဖြစ် ဖွဲ့စည်း၍ လိုအပ်သော ပံ့ပိုးခြင်းဖြင့် လုပ်ငန်းအခြေအနေမြင့်မား။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။ ယခုအစည်းအဝေးမှာ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို၏ မြန်မာနိုင်ငံတွင်အများအပြားထွက်ရှိနေသော အုန်းသီးအခြေပြု၍ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများထုတ်လုပ်နေသော လုပ်ငန်းငယ်လေးများအား စုစည်း၍ ပိုမိုကျယ်ပြန့်သော နည်းပညာနှင့် ငွေကြေးပံ့ပိုးပေးနိုင်ရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အားပေးမြှင့်တင်သည့် လုပ်ငန်းများ ပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးသည့်အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ထိုသို့ပံ့ပိုးပေးရာတွင် ပြည်တွင်း SME လုပ်ငန်းရှင်များမှ တောင်းဆိုလာသော နည်းပညာများအနက် စိုက်ပျိုးရေးကို အခြေခံသော စားသောက်ကုန်ထုတ်လုပ်ခြင်းနည်းပညာများ ပံ့ပိုးခြင်းဆွေးနွေးပွဲကို ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဗဟိုဌာနနှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်တွင်း SME လုပ်ငန်းရှင်များမှ တောင်းဆိုလာသော အုန်းသီးဂျယ်လီပြုလုပ်ခြင်းနည်းပညာနှင့် ဆီအုန်းပင်မှရရှိသော ဘေးထွက်ပစ္စည်းမှတစ်ဆင့် ဆေးဘက်ဝင်ဆပ်ပြာထုတ်လုပ်ခြင်းနည်းပညာသင်တန်းများပို့ချခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ SME လုပ်ငန်းရှင် ခုနစ်ဦးအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးများမှ လုပ်ငန်းရှင်စုစုပေါင်း ၁၆၁ ဦး တက်ရောက်ခဲ့ကြပါတယ်။ ASEAN နိုင်ငံများတွင် အုန်းသီးကုန်ကြမ်းထွက်ရှိမှုနှုန်းထားအဆင့်များအနေဖြင့် ထိုင်း၊

ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ စင်္ကာပူ၊ ဘရူနိုင်းစသည်ဖြင့် ဖော်ပြထားရာတွင် မြန်မာနိုင်ငံအနေဖြင့် အုန်းသီးကုန်ကြမ်းထွက်ရှိမှုအဆင့်(၆)နေရာတွင်တည်ရှိနေပြီး တစ်နှစ်လျှင် တန်ချိန်ပေါင်း ၂၇၅၀၀၀ တန်ထွက်ရှိကြောင်း တွေ့ရှိနေရပါတယ်။

မြန်မာ့အုန်းသီးထုတ်လုပ်မှုကဏ္ဍအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် စသည်တို့မှ အုန်းသီးကုန်ကြမ်းများထွက်ရှိပြီး လူသုံးကုန်ပစ္စည်းများဖြစ်သည့် အုန်းဆီ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ Cosmetic စသော အလှကုန်ပစ္စည်းများ၊ မီးအိမ်၊ ကျန်းမာရေးအုန်းမှုတ်ခွက်၊ ဆပ်ပြာခွက်၊ အရုပ်အမျိုးမျိုး၊ ပန်းကန်၊ ဇွန်း၊ ရေနွေးကရား၊ အုန်းဆံကြိုး စသည်တို့ကို ထုတ်လုပ်ရောင်းချပေးလျက်ရှိနေပါတယ်။ ထုတ်ကုန်အများစုမှာ ပြည်တွင်းဈေးကွက်၌သာ ရောင်းချနေပြီး အုန်းသီးကုန်ကြမ်းများကို အုန်းသီးအလုံးလိုက်သာလျှင် နယ်စပ်ဒေသများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိနေပါတယ်။

ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံများတွင် အုန်းသီးကုန်ကြမ်းနှစ်စဉ်တန်ချိန် ၁၄၀၀၀၀၀ နီးပါးထွက်ရှိပြီး အုန်းသီးကုန်ကြမ်းများအား Cosmetic၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာအစရှိသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိနေပါတယ်။ Packing Design ဆန်းသစ်မှုများဖြင့် အရည်အသွေးမီပြည်ပပို့ကုန်များအဖြစ် ထုတ်လုပ်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံ SME လုပ်ငန်းများအား နိုင်ငံတကာဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ပြည်တွင်းပြည်ပအကူအညီများရယူ၍ နည်းပညာဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အုန်းသီးနှင့်ပတ်သက်၍ စားသောက်ကုန်အနေဖြင့် ထိုင်းနိုင်ငံထုတ် အုန်းသီးဂျယ်လီနှင့် အရည်အသွေးတူ ထုတ်လုပ်နိုင်ရန် ပညာရေးဝန်ကြီးဌာနအကူအညီဖြင့် နည်းပညာထောက်ပံ့ပေးမည်ဖြစ်သော်လည်း နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရန်အတွက် ထုတ်လုပ်သူများမှ သန့်ရှင်းမှုစံနှုန်းများအတိုင်း တိကျစွာလိုက်နာကြရန်အတွက် စနစ်တကျလေ့ကျင့်ပညာပေးရန် လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ ထုတ်လုပ်မှုနည်းပညာများသာမကဘဲ အစားအသောက်ထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးခြင်း၊ မျှဝေခြင်း၊ တီထွင်ဖန်တီးမှုဆိုင်ရာအတွေးအခေါ်များ မြှင့်တင်နိုင်ရန်အတွက် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသင်တန်းများတို့ကို ပြည်နယ်/တိုင်းဒေသကြီးများသို့ သွားရောက်ပို့ချပံ့ပိုးပေးလျက်ရှိနေပါတယ်။ SME လုပ်ငန်းများအား အထောက်အပံ့ပေးရန်အတွက် နိုင်ငံတကာဈေးငွေအနေ

ဖြင့် ဂျပန်နိုင်ငံ(JICA)မှ ချေးငွေဂျပန်ယန်း ၅ ဘီလီယံ မြန်မာငွေကျပ် ၅၀ ဘီလီယံခန့်ရရှိခဲ့ပြီး ၎င်းတို့အနက်မှ မြန်မာငွေကျပ် ၄၁.၅၅၈ ဘီလီယံကို ပြည်နယ်/တိုင်းဒေသကြီး ၁၀ ခုရှိ လုပ်ငန်းရှင် ၁၈၆ ဦးသို့ ၂၀၁၆ ခုနှစ်မှစတင်၍ ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်(SMIDB)၊ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ CB ဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့မှတစ်ဆင့် ထုတ်ချေးပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးမှ SME လုပ်ငန်းရှင် ၂၆ ဦးသို့ ချေးငွေများ ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိနေသေးသည့် မြန်မာငွေကျပ် ၈.၄၄၂ ဘီလီယံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထုတ်ချေးသွားရန် စီစဉ်လျက်ရှိပါသဖြင့် SME လုပ်ငန်းရှင်များအနေဖြင့် ချေးငွေရရှိလိုပါက သက်ဆိုင်ရာဘဏ်များသို့ လျှောက်လွှာတင်၍ ဘဏ်၏ BOD အဖွဲ့ဖြင့် စိစစ်ပြီး ချေးငွေများကို ထုတ်ချေးသွားမှာဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့် SME လုပ်ငန်းရှင်များသို့ သမဝါယမဘဏ်နှင့် ကမ္ဘောဇဘဏ်တို့တွင် Credit Guarantee Insurance(CGI) စနစ်ဖြင့် ချေးငွေလျှောက်ထားနိုင်ရန်အတွက် အသေးစားနှင့် အလတ်စား SME လုပ်ငန်းဖြစ်ကြောင်း ထောက်ခံချက် ၁၁၈၇ ဦးထုတ်ပေးခဲ့ရာ ချေးငွေရယူလိုသော စိုက်ပျိုးရေးလုပ်ငန်းရှင် ၂၉ ဦးအတွက်လည်း ထုတ်ပေးပြီးဖြစ်ပါတယ်။ ငွေကြေးပံ့ပိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများစတင်လုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးအခက်အခဲကြုံတွေ့နေရသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအား ဂျာမနီနိုင်ငံအစိုးရမှ ယူရိုငွေ ၄.၄၅ သန်း မြန်မာငွေကျပ် ၆၇၅၇.၃၂၅ သန်းကို ဂျာမနီနိုင်ငံအခြေစိုက် Kfw ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဘဏ်နှင့် CB ဘဏ်တို့မှ ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအား တစ်ဦးလျှင် အများဆုံးကျပ်သိန်း ၁၀၀၀ အထိ ၂၀၁၇ ခုနှစ် ဩဂုတ်လမှစ၍ ချေးငွေများထုတ်ပေးရန် စီစဉ်လျက်ရှိနေပါကြောင်း ချေးငွေအတွက် အပေါင်ပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်မည့်သူများအားလုံးအား လုပ်ငန်းခိုင်မာမှုရှိပါက ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ပါ၍ ဧရာဝတီတိုင်းဒေသကြီးရှိ အုန်းသီးအခြေပြုစားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် နည်းပညာများရယူလိုပါက ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး

ရေးဦးစီးဌာနသို့ ဆက်သွယ်၍ လျှောက်ထားနိုင်ပြီး ပြည်တွင်းပညာရှင်များနှင့် ချိတ်ဆက်၍ သင်တန်းများ လာရောက်ပို့ချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အလားတူပင် အခြားသော တိုင်းဒေသကြီးများသို့လည်း ဆက်လက်ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ကြုံကြိုက်လို့ တစ်ခုတင်ပြလိုတာကတော့ ဂျာမနီနိုင်ငံအစိုးရကနေပြီးတော့ ယူရိုငွေ ၄.၄၅ သန်း SME များကို ထုတ်ချေးမည့်အစီအစဉ်များဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မယ့်အဖွဲ့အစည်းကတော့ ဂျာမနီနိုင်ငံအခြေစိုက် Kfw အဖွဲ့အစည်းဖြစ်ပြီးတော့ လုပ်ငန်းရှင်တစ်ဦးလျှင် အများဆုံး သိန်း ၁၀၀၀ ထိ ထုတ်ချေးပေးနိုင်မှာဖြစ်ပါတယ်။ ချေးငွေသက်တမ်းကာလကို တစ်နှစ်မှ ငါးနှစ်ထိ ချေးမှာဖြစ်ပါတယ်။ စတင်ထုတ်ချေးမယ့်ကာလကတော့ ယခုဩဂုတ်လအတွင်းမှာ ဖြစ်ပါတယ်။ အတိုးနှုန်းဖြစ်သော အပေါင်ပစ္စည်းပါခဲ့လျှင် ၈.၅ ရာခိုင်နှုန်းဖြစ်ပြီး အပေါင်ပစ္စည်းမပါလျှင် ၁၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါတယ်။ ချေးငွေလျှောက်ထားနိုင်မယ့်သူများကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ SME လုပ်ငန်းရှင်များနဲ့ လုပ်ငန်းစတင်လုပ်ကိုင်နေသူများအတွက် ဖြစ်ပါတယ်။ သို့ပါ၍ အုန်းသီးအခြေခံနှင့် တီထွင်ဆန်းသစ်မှုများကို ပိုမိုဖန်တီးထုတ်လုပ်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံမှထွက်ရှိသော အုန်းသီးများကို Value Added Product များအဖြစ်၊ ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မထပ်ဆင့်မေးခွန်း မေးမြန်းလိုပါတယ်။ ကျွန်မအနေနဲ့ အခုဝန်ကြီးဖြေသွားပေးတာကို ကျေးဇူးတင်ပါတယ်။ ပံ့ပိုးနေတဲ့အတွက်လည်း ဝမ်းမြောက်ပါတယ်။ ဒါပေမဲ့ ကျွန်မဖြစ်စေချင်တာကပေါ့နော်။ အုန်းသီးကို သက်သက်သီးသန့် Organization တစ်ခုပေါ့။ အုန်းသီး Specialize Organization တစ်ခုဖွင့်လှစ်ပြီးတော့ သီးသန့်ကို Promote လုပ်စေချင်တာပါ။ နောက်ပြီးတော့ ကျွန်မတွေ့ခဲ့တဲ့လုပ်ငန်းရှင်လေးတွေက သူတို့မြောက်ဥက္ကလာပမြို့နယ်မှာ သူတို့ကျန်နေခဲ့ပုံပေါက်ပါတယ်။ မသိဘူးထင်ပါတယ်။ ဆိုတော့ဒီလိုမျိုးဟာကို စာရင်းကောက်ပြီးတော့ သီးသန့် အုန်းသီး Organization ဖြစ်စေချင်တာဖြစ်ပါတယ်။ အဲဒီလိုမျိုး Promote လုပ်စေချင်တာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်ညိုရဲ့ဆွေးနွေးချက်သည် အင်မတန်သင့်မြတ်ပါတယ်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ဖို့အတွက်ကို လေ့ကျင့်ပညာသင်ကြားပေးနေတဲ့အခါမှာ ယခုနက တင်ပြပါအုန်းသီးကို အထူး Specialize လုပ်ပြီးတော့ အုန်းသီးအတွက်ကို သီးသန့် Concentrate လုပ်ပြီးတော့မှ သုတေသနပြုလုပ်ဖို့ စီစဉ်ပါရှိပါတယ်ခင်ဗျား။ ဒီလိုပါရှိခြင်းနှင့် ကျွန်တော့်ကို Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ခုနတင်ပြပါ Power Point မှာတော့ ကျွန်တော်တို့အုန်းသီးကို အခြေခံပြီးတော့ နိုင်ငံတကာမှာအသုံးပြုနေတဲ့။ ကျွန်တော်တင်ပြဆွေးနွေးလိုတာက သာမန်အုန်းသီးကို ထိပ်ကို ဖွင့်ပြီးတော့ သူ့မှာ အသုံးပြုနိုင်သော Pump လေးကို နိုင်ငံခြားမှာပဲ မှာယူတင်သွင်းလည်း ဖြစ်ပါတယ်။ ယခုမြန်မာနိုင်ငံမှာတော့ အသုံးမပြုတော့သောစွန့်ပစ်ပစ္စည်းအဖြစ် ကျန်ရှိနေတဲ့ဒီ Pump လေးကို ထိပ်မှာတပ်ပြီးတော့ ဒီဇိုင်းထုတ်ထားပြီးဖြစ်ပါတယ်။ ဒီ ဒီဇိုင်းမျိုးနဲ့ Pump လုပ်လိုက်လို့ရှိရင် အုန်းသီးကို ပိုမိုပြီးတော့ အဆင့်မြင့်စွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့တင်ပြချက်တစ်ခု ဖြစ်ပါတယ်။ ခုနက အုန်းသီးကို အထူး Specialize လုပ်မှသာလျှင် အုန်းသီးကိုအခြေခံသော၊ အခြား အခြားသော လက်မှုပညာတွေ Value Added ထပ်လုပ်နိုင်မှာဖြစ်ပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ SME မှတစ်ဆင့် အုန်းသီး Specialize အဖွဲ့အတွက်ဖွဲ့ပြီးတော့ ဆောင်ရွက်နေတာကို ပိုမိုတိုးမြှင့်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်ခင်ဗျား။ ဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့ မကြာခင်မှာတော့ မြန်မာနိုင်ငံရဲ့ အုန်းသီးထွက်ကုန်တွေကို အုန်းဆံကြိုး၊ Cosmetic စသည်ဖြင့် ထူးဆန်းသောပစ္စည်းများအဖြစ် ပေါ်ထွက်လာအောင် ကျွန်တော်တို့ဖန်တီးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ များမကြာမီသော ကာလအတွင်း မြန်မာနိုင်ငံမှာ ယခုလို အုန်းသီးထွက်ကုန်ပစ္စည်းအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်မှာ ဖြစ်ပါကြောင်းနှင့် ပြည်ပသို့တင်ပို့နိုင်ရန်လည်း ဒီဇိုင်းသစ်ဆန်းဖို့ ဖန်တီး လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နမ္မတူမြို့နယ်ရှိ နမ္မတူမြို့မရဲစခန်း၊ အချုပ်ခန်း၊ အပြင်လျှောက်လမ်း၊ အပြင်ပတ်လမ်းရှိ ဆွေးမြည့်နေသော သစ်သားချောင်းများ၊ အကာအရံများအစား ပိုမိုခိုင်ခံ့သောသစ်သားများ သို့မဟုတ် သံလုံးများဖြင့် ပြုပြင်ပေးနိုင်ရန်၊ အချုပ်သားများအတွက် ဆေးရုံအချုပ်ခန်း သို့မဟုတ် ဆေးရုံရှိ အခန်းတစ်ခန်းကို သီးသန့်အခန်းအနေဖြင့် ဆောင်ရွက်ပေးရန်၊ ရဲအင်အားတိုးမြှင့်ခန့်ထားပေးရန်၊ နမ္မတူနှင့်ဘော်တွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိနေသော ရဲဝန်ထမ်းအိမ်ရာများ ပြင်ဆင်ဆောက်လုပ်ပေးရန်၊ နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ဘော်တွင်းနယ်မြေရဲစခန်းတို့အား ပြန်လည်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ နမ္မတူမြို့မရဲစခန်းမှာ အိုမင်းနေတဲ့နှစ်ထပ်ဆောင်တစ်ခုရှိပြီးတော့ အပေါ်ထပ်ဟာ အချုပ်ခန်းဖြစ်ပါတယ်။ အချုပ်ခန်းရဲ့အပြင်ဘက်ဟာ သစ်သားတွေနဲ့ကာရံပြုလုပ်ထားပြီးတော့ ဟောင်းနွမ်းဆွေးမြည့်လျက်ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရဲ့ ညွှန်ကြားချက်ဖြစ်တဲ့ အုတ်တွေနဲ့ကာရံဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ အဲဒီလို မဆောင်ရွက်နိုင်ခင်ကြားကာလမှာ ခိုင်ခံ့တဲ့သစ်သားချောင်းတွေနဲ့ အစားထိုးလဲလှယ်ဆောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်လို့ဖြေကြားခဲ့တာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ လက်ရှိအခြေအနေပုံဖြစ်ပါတယ်။ အဲဒါကြောင့် နမ္မတူမြို့မ ရဲစခန်းရဲ့အပြင်ပတ်လည်မှာရှိတဲ့ အကာအရံတွေကိုအုတ်တွေနဲ့ ဘယ်အချိန်မှာအမှန်တကယ်ဆောင်ရွက်ပေးမှာကို သိရှိလိုပါတယ်။ ဆက်လက်ပြီး နမ္မတူဆေးရုံမှာ ဆေးရုံတက်အချုပ်သားတွေ ထွက်ပြေးလွတ်မြောက်သွားတဲ့ဖြစ်စဉ်တစ်ခုဖြစ်ခဲ့ပါတယ်။ ဆေးရုံတက်ရောက်ကုသတဲ့ အချုပ်သားတွေ၊ တရားခံတွေဟာ နေ့စဉ်မရှိနိုင်ပါဘူး။ ရှိခဲ့တယ်ဆိုရင်တောင်မှ ရဲစခန်းကလုံလောက်တဲ့အင်အားထုတ်နုတ်ပြီး လုံခြုံရေးဆောင်ရွက်ရန်လည်း မဖြစ်နိုင်တဲ့အခြေအနေ ရှိနေတဲ့အတွက် ဆေးရုံတက်ရောက်ကုသရတဲ့တရားခံတွေအတွက် ဒီနိုင်ငံမှာရှိတဲ့ မြို့နယ်ပြည်သူ့ဆေးရုံတိုင်းမှာ ဆေးရုံတက်အချုပ်ခန်းတွေ မရှိမဖြစ်လိုအပ်နေပါတယ်။

အဲဒါကြောင့် တရားခံတွေဆေးရုံတက်ပါက အချုပ်သားတွေအတွက် ဆေးရုံအချုပ်ခန်းသီးသန့် ဒါမှမဟုတ်ရင် ဆေးရုံမှာရှိတဲ့ အခန်းကို သီးသန့်အနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါတယ်။

သက်တမ်းကြာမြင့်ပြီး နေထိုင်ရန်လုံးဝမသင့်တော်တော့တဲ့ ပျက်စီးယိုယွင်းနေတဲ့ ရဲတပ်ဖွဲ့ လိုင်းခန်းဖြစ်ပါတယ်။ ဟောင်းနွမ်းဆွေးမြည့်ပြီးတော့ အမြင်တင့်တယ်မှုမရှိတဲ့ အဆောက်အဦတွေနဲ့ ရှိနေတဲ့ နမ္မတူမြို့မရဲစခန်းဖြစ်ပါတယ်။ ဘော်တွင်းရဲစခန်းမှာဆိုလို့ရှိရင်လည်း ဘော်တွင်းမိသားစု ရဲဝန်ထမ်းတွေဟာ ၁၀ ပေပတ်လည်ရှိပြီး သွပ်တွေနဲ့သာ အပြည့်ကာရံထားတဲ့ အခန်းကျဉ်းလေးတွေ မှာသာနေရပါတယ်။ ပြီးတော့ ယိုင်နဲ့နေတဲ့လှေခါးငါးထစ်နဲ့ ဆွေးမြည့်နေတဲ့ကြမ်းခင်းရှိနေတဲ့ ဘော်တွင်းနယ်မြေရဲစခန်းရုံးကိုတော့ ကျွန်မတက်မကြည့်ရဲပါဘူး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိနေတဲ့ ဝန်ထမ်းအိမ်ရာတွေကို မြေပြင်စစ်ဆေး စာရင်းကောက်ယူမှုပြုလုပ်ပြီး လုပ်ငန်းဦးစားပေး သတ်မှတ်ချက်တွေနဲ့ စီမံချက်ချမှတ်ပြီး အလေးအနက်ထားအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်လို့ လွှတ်တော်မှာ သူ့ဝန်ကြီးရဲ့ဖြေကြားချက်အရ နမ္မတူဘော်တွင်းကလိုအပ်ချက်ဟာ ဦးစားပေးအဆင့်အနေနဲ့ ဖော်ဆောင်ပေးလိမ့်မယ်လို့ ယုံကြည်မျှော်လင့်နေပါတယ်။ ပြည်ထဲရေး ဝန်ကြီးဌာနရဲ့လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်၏မူဝါဒနှင့်အညီ ဒီမိုကရေစီရေး လုပ်ငန်းစဉ်နဲ့ ပြည်သူ့ဘဝလုံခြုံဘေးကင်းစေရေးအတွက် မှုခင်းများကို ဖြစ်လာမှတုံ့ပြန်ခြင်း ဆိုတာထက် မဖြစ်ခင်ကတည်းက ကြိုတင် ကာကွယ်မှုများပြုလုပ်ခြင်းကို ဦးတည်ဆောင်ရွက်မယ်။ အုပ်ချုပ်မှုစနစ်မှန်ကန်ရေးအတွက် ရဲနဲ့နိုင်ငံ့လူဦးရေအပေါ်မူတည်ပြီး လိုအပ်တဲ့ရဲတပ်ဖွဲ့ဝင်အင်အား နဲ့ လက်နက်တပ်ဆင်မှုတွေ ဖြည့်တင်းဆောင်ရွက်မယ်။ လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားရေး၊ စိတ်ဓာတ်တိုးတက်ကောင်းမွန်မြင့်မားရေး၊ လေ့ကျင့်မှုမပြတ်ဆောင်ရွက်ရေးနဲ့ ပြည်သူ့အကျိုးပြု ဆောင်ရွက်မယ်စသည်ဖြင့် ပြည်ထဲရေးဝန်ကြီးရဲ့ ပြည့်စုံတဲ့လုပ်ငန်းစဉ်တွေ ချမှတ်ထားတာကို တွေ့ရှိ ရပါတယ်။

ရဲအင်အားလုံလောက်မှုမရှိတာနဲ့ပတ်သက်ပြီး သတ်မှတ်ခွင့်ပြုထားတဲ့ခွင့်ပြုအင်အားအတိုင်း အင်အားပြည့်မီစေရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ရေးစီမံချက်တွေကိုရေးဆွဲပြီး ဖြည့်ဆည်း ဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်နေပါတယ်လို့ ဖြေကြားကောင်းဖြေကြားပါလိမ့်မယ်။ အဲသည်လို အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ဆိုရင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိဘဲ ယုံကြည်ချက်မဲ့ပြီး အနာဂတ်ပျောက်လုနီးပါးဖြစ်နေတဲ့ တချို့သောရဲဝန်ထမ်းတွေရဲ့ဘဝကို သက်သေပြ မမြှင့်တင်နိုင်မချင်း ရဲအင်အားတိုးချဲ့ခန့်ထားလို့ မဖြစ်နိုင်ဘူးဆိုတဲ့အရှိတရားကို ပြည်ထဲရေးဌာနက

မူကြမ်း

လက်ခံနိုင်ဖို့က အရေးတကြီးလိုအပ်နေပါတယ်။ ဒါမှသာ ချမှတ်ထားတဲ့မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် နမ္မတူဘော်တွင်းအတွက် ရဲအင်အားလုံလောက်မှုမရှိသဖြင့် တိုး၍ခန့်ထားနိုင်ခြင်းရှိ/မရှိ၊ နမ္မတူဘော်တွင်းမှာရှိနေတဲ့၊ ယိုယွင်းလျက်ရှိတဲ့ရဲဝန်ထမ်းအိမ်ရာများ၊ ရဲတပ်ဖွဲ့မှူးရုံးများနဲ့ နယ်မြေရဲစခန်းရုံးတို့ကို ရဲစံချိန်စံညွှန်းနဲ့အညီ ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားသွားပါမယ်။ မေးခွန်းမှာပါတဲ့ ပထမအချက်ဖြစ်တဲ့ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ် နမ္မတူမြို့မရဲစခန်း အချုပ်ခန်းရဲ့အပြင်ဘက် ပြင်ဆင်မှုတွေနဲ့ပတ်သက်ပြီးတော့ ဒီနမ္မတူမြို့မရဲစခန်းဟာ ၁၉၄၁ ခုနှစ်က ဆောက်လုပ်ထားပြီးတော့ အချုပ်သား ၂၀ ဦးဆံ့တဲ့ ကျားအချုပ်ခန်းတစ်ခန်းနဲ့ မအချုပ်ခန်းတစ်ခန်းပါဝင်ပါတယ်။ ဒီနမ္မတူရဲစခန်းရဲ့ အပြင်လျှောက်လမ်းနဲ့ပတ်လမ်းတွေဟာ ကာလကြာမြင့်တဲ့အတွက် ဆွေးမြည့်နေတဲ့သစ်သားအခင်းတွေ ပြုပြင်မှုကိုတော့ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှာတော့ (၁)ကြိမ်ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း လက်ရှိအခြေအနေ အရ မြေပြင်မှာအမှန်တကယ်ပြုပြင်ရန်လိုအပ်တဲ့အပြင်ခိုင်ခံ့မှုအားနည်းတဲ့သစ်သားတွေအစား သံချောင်း၊ သံဇကာစသည်တို့ဖြင့် ပြုပြင်မွမ်းမံနိုင်ရေးအတွက်ကို ယခုနှစ်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကနေပြီးတော့ ငွေကျပ်သန်း ၄.၆၅၈ သန်းကို ရန်ပုံငွေကနေ ခွင့်ပြုပေးထားပြီးဖြစ်တဲ့အတွက် ပြင်ဆင်နိုင်ရေးစတင်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်းမှာပါရှိတဲ့ ဒုတိယအချက်ဖြစ်တဲ့ တရားခံများဆေးရုံတက်တဲ့အခါမှာ အချုပ်သားများအတွက် ဆေးရုံအချုပ်ခန်းများ သို့မဟုတ် ဆေးရုံရှိအခန်းတစ်ခန်းကို သီးသန့်အနေနဲ့ဆောင်ရွက်

ပေးနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းပြီးတော့ နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံဟာ ခုတင် ၁၀၀ ဆံ့ဆေးရုံဖြစ်ပြီးတော့ နှစ်ထပ်ဆောင်တစ်ဆောင်သာရှိပြီး လူနာဆောင်တွေဟာလည်း အခန်းကျယ်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် ဆေးရုံရဲ့ခုတင် ၁၀၀ မှာ ၉၆ ခုတင်သာ ထားရှိနိုင်ကြောင်းတွေ့ရှိရပါတယ်။ ဒါ့အပြင် ဆေးရုံတက်ရောက်တဲ့အချုပ်သားစာရင်းအနေနဲ့ ယခင်နှစ်စာရင်းများအရ တစ်နှစ်လုံးမှာလည်း ခြောက်ဦးသာတက်ရောက်တာဖြစ်တဲ့အတွက် ဆေးရုံအနေနဲ့ ချုပ်သားများအတွက် သီးသန့်အချုပ်ခန်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်းလည်း သိရှိရပါတယ်။ သို့သော်လည်း ဆေးရုံတက်အချုပ်ခန်းတရားခံများကို လုံလောက်တဲ့ရဲတပ်ဖွဲ့အင်အားနဲ့စောင့်ကြပ်ခြင်း၊ လိုအပ်တဲ့သက်ဆိုင်ရာ ရဲစခန်းမှူး၊ ဆေးရုံမှူးတို့မှ စစ်ဆေးကြပ်မတ်ဆောင်ရွက်မှုများကိုလည်း အလေးထားဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းမှာပါရှိတဲ့ တတိယအချက်ဖြစ်တဲ့ ရဲအင်အားမလုံလောက်တဲ့အတွက် ရဲအင်အားတိုးမြှင့်ခန့်ထားပေးနိုင်ခြင်းရှိ/မရှိနဲ့ပတ်သက်ပြီး လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံးမှာ ဖွဲ့စည်းအင်အားရဲ့ ၄၇.၆၉ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်လျက်ရှိပြီးတော့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှာတော့ ဖွဲ့စည်းပုံအင်အားရဲ့ ၄၂.၇၆ ရာခိုင်နှုန်းနဲ့ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း နမ္မတူ ဘော်တွင်းရဲစခန်းမှာတော့ ဖွဲ့စည်းပုံအင်အားရဲ့ ၁၇.၇၃ ရာခိုင်နှုန်းသာရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းရရှိပြီးတဲ့အချိန်မှာ ကျွန်တော် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှာဆင်းတဲ့ တပ်သားသစ် ၁၀ ဦးထပ်မံဖြည့်တင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ကစပြီး ဘော်တွင်းစခန်းကို နယ်မြေလုံခြုံရေးအခြေအနေအရ ယာယီရုတ်သိမ်းထားရပါတယ်။ ၎င်းဘော်တွင်းစခန်းမှ အရာရှိတစ်ဦးနှင့်အခြားအဆင့်လေးဦး ပေါင်း ငါးဦးကိုလည်း နမ္မတူစခန်းမှာထည့်သွင်းပြီး ပူးတွဲတာဝန်ထမ်းဆောင်စေတဲ့အတွက် လက်ရှိမှာတော့ ဖွဲ့စည်းပုံရဲ့ ၂၄.၁၁ ရာခိုင်နှုန်းနဲ့ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

စတုတ္ထအချက်ဖြစ်တဲ့ နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနဲ့ ဘော်တွင်းနယ်မြေရဲစခန်းများ ပြန်လည်ပြုပြင်ဆောက်လုပ်ပေးရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှာ နမ္မတူမြို့မရဲစခန်းဝင်းအတွင်းမှာရှိပြီး လက်ရှိမှာအဆောက်အဦတွေကတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားပြီဖြစ်တဲ့အတွက် ပြုပြင်ရန်လိုအပ်တဲ့အခြေအနေမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း အဆင့်အလိုက်ပြုပြင်တည်ဆောက်ရမယ့်လုပ်ငန်းစဉ်ကို အဆင့်သုံးဆင့်နဲ့ ယခင်

ဖြေဆိုချက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီနမ္မတူမြို့မ ရဲစခန်းနဲ့ အိမ်ထောင်သည်လိုင်းခန်းများ ပြုပြင်ရေးကိုတော့ တတိယဦးစားပေးမှာ ထည့်သွင်းတင်ပြဆောင်ရွက် လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်းပဲ မဖြစ်မနေဆောင်ရွက်ရမယ့် နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနဲ့ ဘော်တွင်းနယ်မြေရဲစခန်း အချုပ်ခန်းတစ်လုံးတို့ကို သံကူကွန်ကရစ်နဲ့ဆောက်လုပ် ပေးနိုင်ရေးအတွက်တို့ကို ကျွန်တော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၁)ကြိမ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၁)ကြိမ် ရန်ပုံငွေများလျာထားတင်ပြတောင်းခံခဲ့ပေမဲ့ ရန်ပုံငွေစိစစ်ဖြတ်တောက်မှု အရ ရရှိခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်မိုလို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့ ငွေလုံးငွေရင်းဖြည့်စွက် ရန်ပုံငွေမှာလည်း ဆက်လက်တင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက အလေးထားဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာရှိနေတဲ့ ရဲစခန်းအသီးသီးက ဖမ်းဆီးထားတဲ့ တရားခံတွေဟာ နည်းမျိုးစုံနဲ့ ထွက်ပြေးလွတ်မြောက်သွားတဲ့ဖြစ်စဉ်တွေ မကြာခဏဖြစ်ကြတာကို အားလုံးသိကြမှာပါ။ အဲလိုပါပဲ။ ကျွန်မတို့ နမ္မတူမှာလည်း အချုပ်သားထွက်ပြေးလွတ်မြောက်သွားတဲ့ ဖြစ်စဉ်ရှိတယ်ဆိုတာ ကျွန်မပြောခဲ့ပြီးပါပြီ။ အဲ့အချိန်တုန်းကလည်း အဲဒီတရားခံအတွက် အချုပ်သား တွေကို လုံခြုံရေးအင်အားအပြည့်အဝထုတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ခုထိထွက်ပြေးလွတ်မြောက်တာ ရှိနေပါတယ်။ အဲဒါကြောင့် ဒီတရားခံနဲ့ပတ်သက်တဲ့အချုပ်ခန်းကို ကျွန်မ နမ္မတူတစ်ခုတည်းအနေနဲ့ ကျွန်မ မပြောဘဲနဲ့ ဒီနိုင်ငံမှာရှိနေတဲ့မြို့နယ်ပြည်သူ့ဆေးရုံတိုင်းဟာ ဆေးရုံတက်အချုပ်ခန်းတွေကို မရှိမဖြစ်ထားရှိပေးဖို့လိုအပ်ပါတယ်။ အကယ်၍ မရှိဘူးဆိုရင်တောင်မှ ဆေးရုံတက်တရားခံ အချုပ်သားတွေရောက်လာပြီဆိုလို့ရှိရင် သီးသန့်ခန်းတစ်ခန်းအနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ ပြီးတော့ ကျွန်မတို့ ဒီနမ္မတူမှာရှိနေတဲ့ ရဲတပ်ဖွဲ့ဝင်ရဲ့အင်အားဟာ လုံလောက်မှုမရှိဘူးဆိုတာကိုလည်း ကျွန်မ ထပ်ပြီးတော့ ပြောကြားချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဆေးရုံများမှာ Net Work များထားရှိရေးနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပြည်သူ့ဆေးရုံနှစ်ရုံ၊

ခရိုင်အဆင့် ပြည်သူ့ဆေးရုံသုံးရုံနှင့် မြို့နယ်အဆင့်ပြည်သူ့ဆေးရုံ ၆၃ ရုံရှိတဲ့အနက်မှာ ပြည်နယ်အဆင့်တောင်ကြီးဆေးရုံနှင့် လားရှိုးဆေးရုံ၊ ခရိုင်အဆင့်မှာတော့ တာချီလိတ်ဆေးရုံနှင့် မြို့နယ်အဆင့်မှာ သီပေါနှင့်ကျိုင်းတုံဆေးရုံတွေမှာလည်း ဆေးရုံရဲ့အချုပ်ဆောင်ဖြစ်တဲ့ Net Work တွေကို ထားရှိပေးနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ စာရင်းဇယားများအရ ကျွန်တော်တို့ သိရှိရပါတယ်။ ဒါကို ကျွန်တော်တို့ ချုပ်သားများထွက်ပေးနိုင်မှုနှင့်ပတ်သက်ပြီးတော့ ဒီဆေးရုံတွေတက်တဲ့အခါမှာ ဆေးရုံတိုင်းမှာတော့ Net Work များထားရှိဖို့ လိုအပ်တယ်ဆိုတာလည်း အပြည့်အဝလက်ခံပါတယ်။ သို့သော်လည်း လက်ရှိကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆောက်လုပ်ထားတဲ့ ဆေးရုံရဲ့ အခြေအနေနဲ့ ကျွန်တော်တို့ တက်ရောက်ကုသနေတဲ့လူနာရဲ့ အခြေအနေတွေ၊ အိပ်ဆောင်ရဲ့ ဖွဲ့စည်းမှုပေါ် မူတည်ပြီး Net Work ထားရှိမှုကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ချုပ်သားတရားခံပေါ်မူတည်ပြီး နမ္မတူမှာဖြစ်ခဲ့တဲ့ဖြစ်စဉ်အရလည်း နောက်ပိုင်းမှာ တရားခံရဲ့ပြစ်မှုပေါ် မူတည်ပြီး ချုပ်သားတွေကို ကျွန်တော်တို့ Net Work နဲ့ထားပြီး ကုသဖို့လိုတဲ့ချုပ်သားဖြစ်ခဲ့ရင် Net Work ရှိတဲ့ အနီးစပ်ဆုံးမြို့နယ်ဆေးရုံတွေကို ကျွန်တော်တို့ ပို့ဆောင်ကုသတဲ့လုပ်ငန်းစဉ်ကိုလည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ အခုနမ္မတူဆေးရုံမှာ Net Work မထားနိုင်ခြင်းဟာလည်း ဆေးရုံရဲ့အနေအထားအရ ဆောက်လုပ်နိုင်ခြင်းမရှိတာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမြို့နယ်တွေမှာရှိတဲ့ ဆေးရုံတွေမှာ Net Work ထားရှိမှုအစီအစဉ်ကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သဘောထားပေါ်မှာမူတည်ပြီး ဆောင်ရွက်ရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရဲတပ်ဖွဲ့အင်အား ထပ်မံဖြည့်တင်းဖို့နှင့်ပတ်သက်လို့ကတော့ ကျွန်တော်တို့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းစတင်ရရှိတဲ့အချိန်မှာပဲ စိစစ်တဲ့အခါမှာ အမှန်တကယ်လည်းမြေပြင်မှာ အင်အားနည်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တပ်သားတွေဆင်းတဲ့အထဲက တပ်သားအသစ် ၁၀ ဦးကိုလည်း ကျွန်တော်တို့ ချက်ချင်းပဲ ဖြည့်တင်းပေးခဲ့ပါတယ်။ ကျွန်တော်တို့လည်း ရရှိထားတဲ့အင်အားတွေပေါ်မှာမူတည်ပြီး လိုအပ်နေတဲ့ ဒေသတွေအားလုံးကို ကျွန်တော်မျှဝေပြီး ဖြည့်တင်းရတာဖြစ်တဲ့အတွက် ထပ်မံစုစောင်းရရှိရင်လည်း ဖြည့်တင်းနိုင်ဖို့တော့ စီမံနေပါတယ်။ သို့သော်လည်း ကျွန်တော်တို့ နယ်မြေရဲ့အခြေအနေ၊ ပြစ်မှုဖြစ်ပွားမှုအခြေအနေ ဒါတွေအပေါ်ချိန်ထိုးပြီးတော့ တစ်နိုင်ငံလုံးအတွက် စဉ်းစားတာဖြစ်တဲ့အတွက် လက်ရှိဖြည့်တင်းပေးထားတဲ့တပ်သားသစ် ၁၀ ဦးနဲ့ ဘော်တွင်းကငါးဦးကိုတော့ ပထမအဆင့် ကျွန်တော်တို့ ဖြည့်တင်းပေးထားပြီးဖြစ်ကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ကမာရွတ်မြို့နယ်တွင် မီးသတ်စခန်းတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်နေသည့် သန္ဓေမီးသတ်စခန်း မြေနေရာတစ်ခုရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီကနေ့မှာ ကမာရွတ်မြို့နယ်အတွက် လိုအပ်နေတဲ့ မီးသတ်စခန်းတစ်ခုဆောက်ဖို့ မြေနေရာ တစ်နေရာ ရရှိရေးကို မြို့နယ်နေပြည်သူများရဲ့ဆန္ဒနှင့်အညီ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကမာရွတ်မြို့နယ်ဟာ ရန်ကုန် တိုင်းဒေသကြီးရဲ့ အနောက်ပိုင်းခရိုင်အတွင်းမှာတည်ရှိပြီးတော့ လူဦးရေ ၇၅၀၀၀ ခွဲကျော် နေထိုင် လျက်ရှိပါတယ်။ မြို့နယ်အတွင်းမှာ ခြောက်ထပ်နှင့်အထက် အဆောက်အဦများ အများစုပါဝင်တဲ့ အိမ်ခြေတိုက်တာအဆောက်အဦ ၄၃၀၀ ခန့် ဆောက်လုပ်ထားရှိပြီး လူနေသိပ်သည်းတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်ခင်ဗျား။ ကမာရွတ်မြို့နယ်ဟာ လူနေထိုင်မှု သိပ်သည်းများပြားလာတာနှင့်အမျှ မြို့နယ် အတွင်းမှာရှိတဲ့ လမ်းမကြီးများနှင့် လမ်းသွယ်အသီးသီးတို့ဟာ အချိန်ပြည့်နီးပါးမျှ မော်တော်ယာဉ်များ နှင့်ပိတ်ဆို့ကြပ်တည်းလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့လည်း ၁၀ မိနစ်လောက် လမ်းလျှောက်ရုံနဲ့ ရောက်မည့်ခရီးကို မော်တော်ယာဉ်နှင့်ဆိုရင် နာရီဝက်ခန့်ကြာမှ ရောက်ရှိနေပါတယ်။ မြို့နယ်အတွင်း မှာရှိတဲ့ ငါးလမ်းဆုံဖြစ်တဲ့ လှည်းတမ်းလမ်းမကြီးနဲ့ လှည်းတန်းလမ်းဆုံနှင့် ဆင်မလိုက်လမ်းဆုံတို့ဟာ ဆိုရင်လည်း ရန်ကုန်မြို့ရဲ့ ပထမတန်း ယာဉ်ကြောပိတ်တဲ့နေရာများ ဖြစ်နေပါတယ်။ အဲ့လိုအခြေအနေ မျိုးမှာ ကမာရွတ်မြို့နယ်အတွင်းမှာ မီးလောင်မှုနှင့် အခြားသော ဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားခဲ့မယ် လို့ဆိုလို့ရှိရင် ကယ်ဆယ်ရေးအတွက် ရောက်လာမည့် မီးသတ်ကားများ အချိန်မီရောက်လာနိုင်ဖို့ အတွက် အခက်အခဲများဖြစ်ပေါ်စေမှာ အမှန်ပဲ ဖြစ်ပါတယ်ခင်ဗျား။ ပြီးတော့လည်း မြို့နယ်အတွင်းမှာ မီးသတ်စခန်းကမရှိတော့ အကူရောက်လာမည့် နီးစပ်ရာ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံနှင့် လှိုင် မြို့နယ်မီးသတ်စခန်းများ၊ မီးသတ်ကားများ အလျင်အမြန်ရောက်ရှိလာဖို့က ကြီးမားတဲ့အခက်အခဲ

တစ်ရပ်ဖြစ်စေပါတယ်။ မီးငြိမ်းသတ်မှုအချိန် နောက်ကျတာနှင့်အမျှ ဆုံးရှုံးမှုတန်ဖိုးကလည်း ကြီးမား လာမှာအမှန်ပဲ ဖြစ်ပါတယ်ခင်ဗျား။

တစ်ဆက်တည်းမှာပဲ လျှော်လှုပ်ခြင်း၊ တိုက်ပြိုခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်း၊ ယာဉ်တိုက်ခိုက်မှု များဖြစ်ပွားခြင်းစတဲ့ သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရမည့် Search and Review Activity ခေါ်တဲ့ ရှာဖွေကယ်တင်ရေးလုပ်ငန်းများမှာလည်း ထိုနည်းတူစွာပဲ အချိန်နောက်ကျတာနှင့် အမျှ ပျက်ဆီးဆုံးရှုံးမှုများကလည်း ပိုမိုများစေမှာဖြစ်ပါတယ်။ ပစ္စည်းဆုံးရှုံးတာထက် တန်ဖိုးမဖြတ် နိုင်တဲ့ လူ့အသက်များပျက်စီးဆုံးရှုံးရခြင်းကို ဘယ်ပြည်သူတစ်ဦးတစ်ယောက်ကမျှ မဖြစ်စေခြင်ဘူး ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျပန်နိုင်ငံက FDMA လို့ခေါ်တဲ့ Fire and Disaster Management Agency ရဲ့ လက်တွေ့စမ်းသပ်ချက်များအရ သစ်သားအိမ်တစ်လုံးဟာ မီးလောင် ပြီးနောက်ထပ်အိမ်တစ်လုံးကို ကူးဖို့အတွက်ကို အချိန် ၈ မိနစ်သာကြာကြောင်း သိရှိရပါတယ်။ အဆိုပါ အချက်ဟာ မီးလောင်မှုနှင့်သဘာဝဘေးအန္တရာယ်များကို တုံ့အချိန်မြန်ဆန်မှုဟာ လွန်စွာပဲအရေးကြီး ကြောင်းကို သိသာထင်ရှားစေပါတယ်ခင်ဗျား။ ကမာရွတ်မြို့နယ်အတွင်းမှာ မီးသတ်စခန်းတစ်ခု ရှိနေမယ်ဆိုရင်တော့ အချိန်ပြဿနာ အထိုက်အလျောက်၊ အလိုအလျောက် ပြေလည်သွားစေမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကမာရွတ်မြို့နယ်နေ ပြည်သူများရဲ့ထက်သန်တဲ့ဆန္ဒအရ လိုအပ်နေတဲ့၊ တောင်းတနေတဲ့ သန္ဓေမီးသတ်စခန်း မြေနေရာတစ်ခုရရှိရေးအတွက် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန် တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံး တစ်ရုံးကို ဦးစီးအရာရှိအင်အား ကိုးဦး ဖြင့်လည်းကောင်း၊ မြို့နယ်မီးသတ်စခန်းတစ်ခုကို ဒုမီးသတ်ဦးစီးမှူးအင်အား ၂၈ ဦးဖြင့်လည်းကောင်း၊

မီးသတ်ယာဉ် လေးစီးဖြင့်လည်းကောင်း ဖွင့်လှစ်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှာ ဖွဲ့စည်းပုံအရ ခွင့်ပြုမိန့်ကျထားပြီးဖြစ်ပါတယ်။ လက်ရှိကမာရွတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးအတွက်ကိုလည်း မီးသတ်ဒုတပ်ကြပ် တစ်ဦး၊ မီးသတ်တပ်သားနှစ်ဦး ပေါင်းသုံးဦး နှင့် မြို့နယ်မီးသတ်စခန်းအတွက်ကိုတော့ အင်အား ရှစ်ဦး စုစုပေါင်း ၁၂ ဦးကိုတော့ ကျွန်တော်တို့ ခန့်အပ်ထားရှိပြီးဖြစ်ပါတယ်။ လက်ရှိကမာရွတ်မြို့နယ်မှာ မီးသတ်စခန်းဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ အတွက် ဝန်ထမ်းများနေထိုင်ရန်အခက်အခဲရှိတဲ့အတွက် စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှာ ခေတ္တ ပူးတွဲတာဝန်ချထားပေးလျက်ရှိပါတယ်။ ကမာရွတ်မြို့နယ်မှာ မီးသတ်စခန်းဖွင့်လှစ်နိုင်ရေးအတွက် ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လှည်းတန်းနှင့် ထန်းတပင်လမ်းထောင့်မှာရှိတဲ့ စည်ပင်သာယာ ရေးစက်အတွင်း ယခင်ဈေးဆိုင်ခန်းများ ဖျက်သိမ်းခဲ့တဲ့ ပေ ၁၂၀ ပတ်လည်ရှိသော မြေနေရာကို အသုံးပြုခွင့်ရရှိရေး တင်ပြဆောင်ရွက်ခဲ့တဲ့အခါမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ မြို့ပြစီမံကိန်းအတွက်လျာထားတဲ့မြေဖြစ်တဲ့အတွက် ခွင့်ပြု၍မရကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ အကြောင်းပြန်ကြားခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဆရာစံလမ်းနှင့် ဈေးလမ်းထောင့် မြေကွက်အမှတ်( ၇၈၂/ က နှင့် ခ)မှာရှိတဲ့ မီးသတ်ဝန်ထမ်းအိမ်ရာအဟောင်းကို ဖျက်သိမ်းပြီး ကမာရွတ်မြို့နယ် မီးသတ်စခန်းဆောက်လုပ်နိုင်ရေးအတွက်ကို ဝန်ထမ်းနေအိမ်ပါတဲ့ ငါးထပ်မြို့နယ် မီးသတ်စခန်း ၄၅ ပေ x ၃၉ ပေ x ၅၃ ပေ ငါးထပ်အဆောက်အဦဆောက်လုပ်ဖို့အတွက်ကိုလည်း ဘဏ္ဍာငွေထည့်သွင်းတင်ပြတောင်းခံခဲ့တဲ့အခါမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေကျပ် ၂၂၃.၇၀၂ သန်း ခွဲဝေရရှိပြီးဖြစ်တဲ့အတွက် ဘဏ္ဍာငွေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ သတ်မှတ်ကာလ အတွင်းမှာ အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ် ဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ထားဝယ်ခရိုင်၊ မေတ္တာမြို့အဖြစ် ရပ်ကွက်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရာ ယင်းရပ်ကွက်များရှိ လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်ထားသည့် မြေကွက်များကို နှစ်ပေါင်း(၉၀)အထိ လဲလှယ်ခွင့်ရှိသော ဂရန်များထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်ရှိ မေတ္တာမြို့အဖြစ် ရပ်ကွက်(၃)ရပ်ကွက်ဖြင့်ဖွဲ့စည်းထားရာ ယင်းရပ်ကွက်များရှိ လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်ထားသည့် မြေကွက်များကို နှစ်ပေါင်း(၉၀)အထိ လဲလှယ်ခွင့်ရှိသော မြေငှားဂရမ်များ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိ ပြုလုပ်ခြင်းမေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်ခရိုင်၊ မေတ္တာကျေးရွာကို မေတ္တာမြို့အဖြစ် ၁-၄-၂၀၀၄ ရက်နေ့ကနေစပြီးတော့ မြို့အဖြစ်သတ်မှတ်ခဲ့ပါတယ်။ အဲဒီမြို့အဖြစ်သတ်မှတ်တဲ့နေရာမှာ ရပ်ကွက်(၃)ရပ်ကွက်ကို ကျွန်တော်တို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်ဆိုပြီးတော့ ကျွန်တော်တို့ သတ်မှတ်ခဲ့ပါတယ်။ အဲဒီမြို့မှာ ကျေးရွာအုပ်စု(၇)အုပ်စုဖွဲ့စည်းထားပြီးတော့ ကျွန်တော်တို့ကျေးရွာအုပ်စုပေါင်းရဲ့ မြေဧရိယာမှာ ၆၃၂၄၁၅ ဧကရှိပြီးတော့ ၉၈၈.၁၅ စတုရန်းမိုင်ရှိတယ်လို့ သိရပါတယ်။ အဲဒီမြို့ရဲ့နေရာကတော့ ကျွန်တော်တို့ထားဝယ်မြို့ရဲ့အရှေ့ဘက် ၃၅ မိုင်လောက်အကွာမှာရှိပြီးတော့ ကျွန်တော်တို့ ယိုးဒယားနယ်စပ်ကိုသွားတဲ့လမ်းမပေါ်မှာရှိပါတယ်။ မြို့ပေါ်(၃)ရပ်ကွက်ရဲ့ဧရိယာမှာ ၂၃၅၅ ဧကရှိပြီးတော့ ၃.၆၈ စတုရန်းမိုင်ရှိတယ်လို့ သိရပါတယ်။ အဲဒီ(၃)ရပ်ကွက်မှာ အိမ်ခြေ ၄၅၁ လုံးရှိပြီးတော့ လက်ရှိ(၃)ရပ်ကွက်ရဲ့လူနေအိမ်အဆောက်အအုံများရှိ ပြည်သူများဟာ သူတို့ရဲ့ လက်ရှိနေတဲ့မြေနေရာများကို မြေငှားစာချုပ် သို့မဟုတ် မြေငှားဂရမ်များကို ရရှိလိုကြောင်း တင်ပြလာပါတယ်။ တကယ်လို့များ အဲဒီ မြေငှားဂရမ်ကိုရရှိမယ်ဆိုရင် ကျွန်တော်တို့ မေတ္တာမြို့(၃)ရပ်ကွက်ရှိ ပြည်သူများဟာ မြေကို တရားဝင်အသုံးပြုနိုင်သောအခွင့်အရေးကို ရပ်ကွက်နေသူများ ခံစားနေရအပြီးမှာ တရားဝင်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံသည့်အခွင့်အရေးများကိုပါ ဥပဒေနဲ့အညီ ဆောင်ရွက်၍ နိုင်ငံတော်မှလည်း အခွန်အခများစွာရနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ မေတ္တာမြို့အဖြစ် ရပ်ကွက်(၃)

ရပ်ကွက်ကို ကျွန်တော်တို့ နှစ်ပေါင်း(၉၀)အထိ အသစ်လဲလှယ်ခွင့်ရှိသော မြေငှားစာချုပ်(ခေါ်)ဂရမ် များကို ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ် မေတ္တာရွာကို ပြည်ထဲရေး ဝန်ကြီးဌာနရဲ့ ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ မြို့အဖြစ်သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ထားဝယ် မြို့နယ်၊ မေတ္တာမြို့မှာရှိတဲ့မြေတွေဟာ မြို့အဖြစ်မသတ်မှတ်မီအချိန်ကတည်းက မြေတိုင်းတာမှုမပြု လုပ်ရသေးတဲ့ ဥယာဉ်ခြံမြေအမျိုးအစားများ ဖြစ်ပါတယ်။ မြို့မြေအဖြစ် စနစ်တကျတိုင်းတာပြီး မြေပုံရေးဆွဲခြင်းများ ပြုစုထားခြင်းမရှိသေးတဲ့အတွက် ဥပဒေနဲ့အညီ ဂရန်လျှောက်ထားနိုင်ခြင်းလည်း မရှိသေးကြောင်း သိရှိရပါတယ်။ မေတ္တာမြို့ရှိ မြေအမျိုးအစားတွေဟာ ဥယျာဉ်ခြံမြေအမျိုးအစား ဖြစ်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ နှင့်အညီ လယ်ယာမြေအခြားနည်းသုံးစွဲခွင့် ဦးစွာရရှိရန်လိုအပ်ပြီး ခွင့်ပြုမိန့်ရရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့ကွက်မြေပုံများ တိုင်းတာဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။ မေတ္တာမြို့မှာရှိတဲ့ လူနေထိုင်တဲ့မြေတွေကို ပိုင်ဆိုင်မှု ခိုင်မာသော မြေဂရန်ရရှိရေးအတွက် မြို့မြေအဖြစ် မြေအမျိုးအစားပြောင်းလဲခြင်း၊ ပိုင်ဆိုင်မှုစစ်တမ်း ကောက်ယူခြင်းနှင့် မြေငှားဂရမ်လျှောက်ယူခြင်းတို့ကို ဥပဒေနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်သွားရ မှာဖြစ်ပါတယ်။ ထားဝယ်မြို့နယ်၊ မေတ္တာမြို့ဟာ မြေပိုင်ဆိုင်မှုအထောက်အထား ရရှိစေဖို့အတွက် လုပ်ဆောင်တဲ့လုပ်ငန်းစဉ်တွေမှာတော့ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသတ်မှတ်ခြင်း၊ နယ်နိမိတ် ကြပ်မတ်ရေးအရာရှိ(Demarcation Officer)ခန့်အပ်နိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြဆောင်ရွက်သွားရမှာဖြစ်ပါ တယ်။ Demarcation Officer နှင့် Boundary Officer တွေခန့်အပ်ခွင့်ရရှိပြီးပါက မြေတိုင်းတာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် မြေတိုင်းပြွန်များ၊ မြေတိုင်းခုံ၊ (DCP)

များပြုလုပ်ခြင်းစတဲ့ ကုန်ကျစရိတ်တွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘဏ္ဍာငွေတင်ပြတောင်းခံ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ သို့သော်လည်း မေတ္တာမြို့တစ်မြို့လုံးအနေနဲ့ မြေအမျိုးအစားပြောင်းလဲရန် ဆောင်ရွက်မှုအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနမှာ ဝန်ထမ်းအင်အားလုံလောက်မှုမရှိခြင်း၊ စက်ပစ္စည်းကိရိယာနည်းပါးခြင်းနဲ့ ဘဏ္ဍာငွေလိုအပ် ချက်ကို လျာထားမှုမရှိခြင်းတို့ကြောင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ သို့သော်လည်းပဲ မေတ္တာမြို့နေ ပြည်သူတစ်ဦးချင်းအနေနဲ့ မြေငှားဂရန်လျှောက်ထားလိုလို့ရှိရင် မိမိလျှောက်ထားလိုတဲ့ မြေအမျိုးအစားကို လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ဦးစွာရရှိအောင်ဆောင်ရွက်ပြီး ထားဝယ် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ မြေငှားဂရမ်တစ်ဦးချင်း လျှောက်ထားနိုင်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လင်းခေးမြို့ရှိ ပျက်စီးယိုယွင်းနေပြီးဖြစ်သော လူထုရုံကြီးအား အသစ်ပြန်လည်တည်ဆောက် ပေးရေးနှင့် အဆောက်အဦဘေးရှိ မြေကွက်လပ်များကို အများပြည်သူအသုံးပြုနိုင်ရန် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့မှာရှိတဲ့ ပျက်စီးယိုယွင်း နေတဲ့ လူထုရုံကြီးကို အသစ်ပြန်လည်တည်ဆောက်နိုင်ရန် အစီအစဉ်ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လူထုရုံကြီးဟာ ၁၉၅၀ ခုနှစ်မှာ ဆောက်လုပ်ခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒီအချိန်တုန်းက လူထုရုံကြီးမှာ လူထုအစည်းအဝေးပွဲများ၊ ဟောပြောပွဲများနဲ့ဇာတ်ပွဲသဘင်၊ အငြိမ့်များ၊ ရုပ်ရှင်ပြပွဲများကို ပြုလုပ်ကျင်းပခဲ့တာကိုလည်း သိရပါတယ်။ အဲဒီအဆောက်အဦနဲ့ ကပ်လျက်ရှိတဲ့ မြေကွက်လပ်များမှာလည်း ဘာသာရေးဆိုင်ရာပွဲများ၊ ရိုးရာထလေ့ထုံးတမ်းစဉ်လာ ပွဲများကို ပြုလုပ်ကျင်းပရာနေရာဖြစ်ခဲ့ပါတယ်။ ကျေးလက်တောရွာများမှ လူထုရုံကြီးဈေးကိုလာ ရောက်ကြတဲ့အခါများမှာလည်း လှည်းနဲ့လူအများ ခေတ္တနားခိုရာနေရာအဖြစ် အသုံးပြုခဲ့တာဖြစ်ပါ

တယ်။ အဲဒီနောက်ပိုင်းမှာတော့ အဆိုပါအဆောက်အဦကြီးကို မြို့နယ်ရဲ့လိုအပ်ချက်အရ ဟိုတုန်းက ကုန်သွယ်ရေးအရောင်းဆိုင်၊ ရွှေးကောက်ပွဲကော်မရှင်ရုံး၊ ကုန်ပစ္စည်းသိုလှောင်ရုံနဲ့ သမဝါယမ အရောင်းဆိုင်အဖြစ် အစဉ်အဆက် ဖွင့်လှစ်အသုံးပြုခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။ အခုခါမှာတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေမှ အဆိုပါ အဆောက်အဦကို စီမံခန့်ခွဲမှုပြုလုပ်နေတာ ကိုတွေ့ရှိနေရပါတယ်။ အခုလက်ရှိ မြေပြင်မျက်မြင်အခြေအနေအရ အဲဒီလူထုရုံကြီးဟာ အဘက်ဘက်ကယိုယွင်းပျက်စီးနေပြီးတော့ ဥပမိရုပ်လည်း လုံးဝမရှိတော့ပါဘူး။ လူထုရုံကြီးဟာ မြို့လယ်ခေါင်၊ လမ်းဆုံလမ်းခွ၊ ဈေးအနီး ကျွန်တော်တို့ မဟာမြတ်မုနိဘုရားနဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အနီးမှာတည်ရှိပြီးတော့ အချက်အခြာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ ပြီးတော့ အခုရုံကြီးရဲ့ အနီးတဝိုက်မှာလည်း ဈေးဆိုင်ခန်းတွေ ပစ်ဆလက်ခတ်ဆောက်ထားတယ်။ နေတာကို လည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အဲဒီရုံကြီးကိုဖျက်ပြီးတော့ ပြည်သူလူထုတွေအနေနဲ့ မြို့နယ် အတွက် ဘက်စုံအသုံးပြုနိုင်တဲ့ အဆောက်အဦကြီးဖြစ်ဖို့ရာကို လိုလားလျက်ရှိနေတာကို တွေ့ရှိရပါ တယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ပျက်စီးယိုယွင်းနေပြီဖြစ်သော လူထုရုံကြီးအား အသစ်ပြန်လည်တည်ဆောက်ပေးရေးနှင့် အဆောက်အဦဘေးရှိမြေကွက်လပ်များကို အများပြည်သူ များအသုံးပြုနိုင်ရန် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော်ရှင်းလင်းဖြေကြား သွားပါမယ်။ လင်းခေးမြို့နယ်၊ ဝမ်လွိုင်ရပ်ကွက်၊ ဦးပိုင်(၇၀)၊ အကွက်အမှတ် (၁၄၅)မှာရှိတဲ့ ဇာတ်ရုံ၊ တစ်နည်းအားဖြင့် လူထုရုံတည်ရှိတဲ့ မြေနေရာဟာ အလျား ၉၂ ပေ၊ အနံ ၁၀၀ ပေ၊ အနံ ၈၅ x ၇၅ ပေရှိတဲ့ ဇာတ်ရုံအဆောက်အဦမှာ အလျား ၈၀ ပေ၊ အနံ ၄၀ ပေရှိကြောင်းတွေ့ရှိရပါတယ်။ တည်ဆောက်ထားတဲ့ မြေနေရာဟာ ယခင်ကပိုင်ဆိုင်သူမရှိတဲ့ မြေလွတ်မြေလတ်ဖြစ်ပြီးတော့ ၁၉၄၂

ခုနှစ်မှာ အဆိုပါမြေနေရာမှာ ယာယီတဲနဲ့ စာသင်ကျောင်းဆောင်ဆောက်လုပ်ပြီး မူလတန်းကျောင်း အဖြစ် သုံးနှစ်ခန့်ယာယီဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ၁၉၄၅ ခုနှစ်မှာ လင်းခေးမြို့နေ ပြည်သူလူထု တို့ကနေ စုပေါင်းပြီး ဖျော်ဖြေရေးဇာတ်ရုံကို တည်ဆောက်ခဲ့ကြပါတယ်။ ဒါ့အပြင် ဇာတ်ရုံမှာ ပြည်သူ့ ကုန်ပဒေသာဆိုင်ဖွင့်လှစ်ခြင်း၊ သမဝါယမအသင်းကုန်ပစ္စည်းဆိုင်အဖြစ် အသုံးပြုခဲ့ခြင်းများလည်း ဆောင်ရွက် ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါနေရာဟာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တည်ရှိရာ မြေနေရာနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်နေတဲ့အတွက် ၁၉၈၉ ခုနှစ်ကစပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးစီးဌာနမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှာတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဆိုပါ ဇာတ်ရုံမြေနေရာကို ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ကနေစပြီး နှစ် ၃၀ မြေငှားဂရန် လျှောက်ထားခဲ့ပြီး နှစ်စဉ်မြေခွန်များ ပေးဆောင်လျက် ရှိကြောင်း သိရှိရပါတယ်။ ဒီနောက် ပြန်ကြားရေးနဲ့ပြည်သူ့ဆက်ဆံရေးဦးစီးဌာနယာယီရုံးနဲ့ ပညာရေး ဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်း၊ ယာယီရုံးတို့ကိုလည်း ၂၀၁၄ ခုနှစ်အထိ ခေတ္တ ရုံးအဖြစ် ဖွင့်လှစ်အသုံးပြုခဲ့ကြောင်း သိရှိရပါတယ်။ ထို့နောက် ၎င်းဇာတ်ရုံကို ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့အထိ ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်ရန် ဒေသခံတစ်ဦးသို့ လစဉ်ဆိုင်ခန်းငှားရန်ခငွေ ကျပ်တစ်သောင်း နှုန်းဖြင့်ငှားရမ်းခဲ့ပြီး ငှားရမ်းခငွေ တစ်ရာရာခိုင်နှုန်းကို ပြည်ထောင်စုရန်ပုံငွေ ရငွေစာရင်းဖြင့် ပေးသွင်းလျက်ရှိပြီး လက်ရှိအချိန်မှာတော့ ခွင့်ပြုသည့်ကာလကုန်ဆုံးသည်ဖြစ်တဲ့အတွက် ထပ်မံ ငှားရမ်းခွင့်မပြုကြောင်းနှင့် အဆိုပါပျက်စီးယိုယွင်းနေပြီဖြစ်သော အဆောက်အဦအား ဖျက်သိမ်းခွင့် နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဇာတ်ရုံတည်ရှိရာ မြေကွက်အတွင်း ဘေးနှစ်ဖက်မှာရှိတဲ့ မြေလွတ်တွေမှာတော့ လင်းခေးမြို့နေ ဒေသခံပုဂ္ဂိုလ်ငါးဦးတို့မှာ မိမိစရိတ်ဖြင့် ဆိုင်ခန်းများဆောက်လုပ်ပြီး အဆိုပါဆိုင်ခန်း မြေနေရာကို ၃၁-၁၀-၂၀၁၇ မှ ၃၁-၃-၂၀၃၂ အထိ ငှားရမ်းထားရှိပြီး ငွေငှားရမ်းခကို တစ်ရာရာခိုင်နှုန်းကို ပြည်ထောင်စုရန်ပုံငွေ၊ ရငွေစာရင်းသို့ ပေးသွင်းလျက်ရှိကြောင်း သိရှိရပါတယ်။ လက်ရှိမှာ လင်းခေးမြို့ မြို့နေပြည်သူလူထုအသုံးပြုရန်အတွက် နွယ်ဝတီခန်းမကိုဆောက်လုပ်ထားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိတဲ့အပြင် မြို့နေလူထုအတွက် မြို့နယ်အားကစား ကွင်းကိုလည်း တည်ဆောက်ထားရှိပြီး အားကစားကွင်းနဲ့ကာယပညာဦးစီးဌာနမှ ကွင်းပြုပြင် ထိန်းသိမ်းခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ လင်းခေးမြို့ပေါ်ရှိဧရိယာ ၀.၃၉ ဧကကျယ်ဝန်းတဲ့မြေနေရာသည် အစိုးရဌာနဆိုင်ရာများ အစဉ်အဆက်အသုံးပြုခဲ့ပြီး လက်ရှိတွင်

လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနေရာတွင်ရှိသည့် ဟောင်းနွမ်း ဇာတ်ရုံ အဆောက်အဦကိုဖျက်ပြီး ဌာနပိုင်ဝန်ထမ်း အိမ်ရာအဆောက်အဦများဆောက်လုပ်ရန် လျာထား ဆောင်ရွက်ထားပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ အခုကိုဖြေကြားသွားတဲ့ ပြည်ထဲရေးဒုတိယ ဝန်ကြီးကို အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့ ရည်ရွယ်ချက် ကတော့ အဲဒီမြေနေရာဟာ အများပြည်သူလူထု တစ်မြို့နယ်လုံးအတိုင်းအတာအရ အများနဲ့သက်ဆိုင် တဲ့အဆောက်အဦအဖြစ် ပြင်ဆင်ဆောက်လုပ် ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုခြင်းဖြစ်ပါ တယ်။ ဝန်ထမ်းအိမ်ရာဆောက်လုပ်မယ်ဆိုရင် ဝန်ထမ်းတွေအတွက်ပဲဖြစ်မှာ ဖြစ်ပါတယ်။ မြေနေရာ အချက်အချာကျပြီးတော့ ကျွန်တော်တို့ ရိုးရာပွဲလမ်းသဘင်တွေ ဥပမာအားဖြင့် သင်္ကြန်ပွဲတို့ဘာတို့ ပြီးတော့ ရာသီအလိုက်ဖျော်ဖြေရေးပွဲတွေ လုပ်တဲ့နေရာမှာ အချက်အချာကျပြီးတော့ မြို့လယ်မှာလည်း ဖြစ်နေပါတယ်။ ပြီးတော့ ဈေးသွားဈေးလာတွေ၊ မော်တော်ယာဉ်ရပ်နားဖို့အတွက်လည်း ကျွန်တော့် အနေနဲ့ တင်ပြမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို သက်ဆိုင်ရာပြည်နယ်အစိုးရကိုယ်စားဖြေကြားတဲ့အခါမှာ ကျွန်တော်တို့ လိုအပ်တဲ့ အချက်အလက်တွေလည်း ပြည့်စုံအောင် ရယူတောင်းခံခဲ့ပါတယ်။ ဒါ့ကြောင့် ဒီနေရာဟာ ကျွန်တော်တို့ စတင်ခဲ့တဲ့ ၁၉၄၂ ခုနှစ်မှာတော့ မြေရဲ့ရာဇဝင်အရတော့ မြေလွတ်မြေလပ်ဖြစ်ပါတယ်။ သို့သော်လည်းပဲ မြို့ရဲ့တည်နေရာနဲ့ မြေရဲ့တည်နေရာအနေအထားအရ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနဲ့ တည်နေရာတစ်ဆက်တစ်စပ်တည်းဖြစ်တဲ့အတွက် ၁၉၈၉ ခုနှစ်ကနေစပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ၁၉၉၉ ခုနှစ်မှာတော့ ၎င်းအချိန်ကာလက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ၎င်းမြေလွတ်မြေလပ်ကို ဌာနပိုင်မြေယာအဖြစ် ဂရန်ရယူလျှောက်ထားခဲ့ခြင်းဖြစ်ပါတယ်။

လက်ရှိမြေရာဇဝင်အရ ဌာနပိုင်မြေဖြစ်ပါတယ်။ ဒါကြောင့် အစိုးရရဲ့စီမံခန့်ခွဲမှုအတွင်းမှာရှိတဲ့အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအနေနဲ့လည်း ဂုဏ်မြေနေရာမှာ ထပ်မံတိုးချဲ့လာတဲ့ဝန်ထမ်းအင်အားတွေ အတွက် လိုအပ်တဲ့ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရက လျာထား သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစောကျော်ဝင်းမောင်(အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေး မြှင့်တင်မှုကော်မတီဝင် ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ ၁၉-၂-၂၀၁၆ ရက်နေ့မှ ၁၈-၂-၂၀၁၇ ရက်နေ့အထိ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ပါရန် စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆)အရ အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးနှင့် အစီရင်ခံစာမှာ ပါရှိတဲ့အတိုင်း စတင်ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရုံးရဲ့ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)အရ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဦးခင်မောင်ရီ(ဟသ်ာတမဲဆန္ဒနယ်)နှင့် ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)တို့ကို ထပ်မံထည့်သွင်းဖွဲ့စည်းပေးခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ရုံးရဲ့ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ်(၁/၂၀၁၇)အရ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီမှာ ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ကြည်း-၂၃၉၈၀ ဒုတိယ

ဗိုလ်မှူးကြီးကျော်လင်းဦးနှင့် ကြည်း-၂၄၉၁၂ ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး တို့ကို လေ့လာသူများ အဖြစ် တာဝန်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကော်မတီရဲ့တာဝန် ၆ ရပ်မှာ ဖြန့်ဝေထားတဲ့အတိုင်း ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ချက် အနေနဲ့ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ (က) ကော်မတီက စိစစ်ရမည့် ဥပဒေများကို လေ့လာသုံးသပ်ခြင်း၊ (ခ) ကော်မတီသို့ပေးပို့လာသော တင်ပြစာများအပေါ် ဆောင်ရွက်ခြင်း၊ (ဂ) ကော်မတီအစည်းအဝေးများ ကျင်းပခြင်း၊ (ဃ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ တွေ့ဆုံမှုများ၊ (င) နိုင်ငံခြားခရီးစဉ်များ၊ (စ) အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းတက်ရောက်ခြင်းများ၊ (ဆ) ကော်မတီဝင် များ၏ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုအခြေအနေများ၊ (ဇ) ကော်မတီဝင်များ၏ ဒေသအလိုက် လုပ်ငန်း ဆောင်ရွက်မှုတို့ပဲ ဖြစ်ပါတယ်။ ကော်မတီက စိစစ်ရမယ့် ဥပဒေများကို လေ့လာသုံးသပ်ခြင်း လုပ်ငန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိတဲ့ ဥပဒေ ၁၃ ခုအနက်မှ ပယ်ဖျက် ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များကို လေ့လာသုံးသပ်လျက်ရှိပါတယ်။ တည်ဆဲဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ် အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရယူခြင်းဖြင့်လည်းကောင်း၊ တိုင်စာ၊ အသနားခံစာများကိုလည်းကောင်း၊ ဥပဒေ၊ စည်းကမ်းမလိုက်နာမှုများကိုလည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ထပ်ဆင့်တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တင်ပြစာများ၊ တိုင်ကြားစာများ၊ အသနားခံစာများနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ စတင်ဖွဲ့စည်းပေးသည့် ၁၉-၂-၂၀၁၆ ရက်နေ့မှ ၁၈-၂-၂၀၁၇ ရက်နေ့ အထိ တင်ပြစာ၊ အကြံပြုစာ၊ တိုင်ကြားစာ စုစုပေါင်း အစောင် ၁၅၀ ရရှိခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။ ပညာရေးမြှင့်တင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလိုအပ်ချက်များကို ဆောင်ရွက်တဲ့နေရာမှာ အောက်ပါအတိုင်း ကဏ္ဍခွဲခြားပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါကဏ္ဍများကတော့ ကျောင်းအဆင့်တိုးခြင်း၊ (ခ) ကျောင်းဆောင်အသစ် ဆောက်လုပ် ခြင်း၊ (ဂ) အန္တရာယ်ရှိ ကျောင်းဆောင်များ အသစ်ပြန်လည်ဆောက်လုပ်ခြင်း၊ (ဃ) ဥပဓိရုပ်မကောင်း

သော ကျောင်းများကို ပြုပြင်ခြင်း၊ (င) သဘာဝဘေးဒဏ်ကြောင့် ကျောင်းများ ပြောင်းရွှေ့ဆောက်လုပ်ခြင်း၊ (စ) ဆရာဆရာမလိုအပ်ချက် ဖြည့်ဆည်းခြင်းတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီအစည်းအဝေးများကို (၂၂)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ကော်မတီ၏အစည်းအဝေးကျင်းပမှုကို နောက်ဆက်တွဲ(က)ဖြင့်လည်းကောင်း၊ ကော်မတီဝင်များ ကော်မတီအစည်းအဝေးသို့ တက်ရောက်မှုအခြေပြဇယားကို နောက်ဆက်တွဲ(ခ)ဖြင့်လည်းကောင်း တင်ပြထားပါတယ်။ ၎င်းအစည်းအဝေးများတွင် ပညာရေးနှင့်ဆိုင်သောဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများထံမှ တင်ပြလာသော ပညာရေးလိုအပ်ချက်များ၊ ပညာရေးဘတ်ဂျက်ကိစ္စများကို ဆွေးနွေးခဲ့ကြပါတယ်။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် နိုင်ငံတကာမှ အဖွဲ့အစည်း ၁၀ ခုနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါတယ်။ နောက်ဆက်တွဲ(ဂ)အဖြစ် ဖော်ပြထားပါတယ်။ ကော်မတီဝင်များသည် အောင်ဆန်းကျောင်းစီမံကိန်းနှင့် 2016 Symposium ကိစ္စရပ်များဆွေးနွေးညှိနှိုင်းနိုင်ရန် ဂျပန်-မြန်မာလွှတ်တော်အမတ်များ ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရ ၉-၅-၂၀၁၆ ရက်နေ့မှ ၁၅-၅-၂၀၁၆ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနမှကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကျင်းပတဲ့ Workshop, Training, Seminar များသို့ လွှတ်တော်တွင်း(၁၄)ကြိမ်၊ လွှတ်တော်ပြင်ပ (၃၂)ကြိမ် စုစုပေါင်း (၄၆)ကြိမ် တက်ရောက်နိုင်ခဲ့ပါသည်။ နောက်ဆက်တွဲ(ဃ)ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီဝင်များဟာ မဲဆန္ဒနယ်မြေမှ ပြည်သူများနှင့် နိုင်ငံအဝန်းရှိ အသံ၊ ဆန္ဒများကို နားထောင်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေကိစ္စများ၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများ၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများ၊ မြန်မာနိုင်ငံစာစစ်ဥပဒေပြင်ဆင်ခြင်းလုပ်ငန်းများမှာ ပါဝင်ဆွေးနွေးခြင်းဖြင့် ကိုယ်စားပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုခြင်းဟူသော လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ကို ကျေပွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီဝင်များသည် ကြယ်ပွင့်ပြမေးခွန်း ၁၂ ခု တင်သွင်းခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းများအခြေအနေကို နောက်ဆက်တွဲ(င)ဖြင့် ဖော်ပြထားပါတယ်။ ကြယ်ပွင့်မပြမေးခွန်း ၃၂ ခု တင်သွင်းခဲ့ပါတယ်။ ကြယ်ပွင့်မပြမေးခွန်းအခြေအနေကို နောက်ဆက်တွဲ(စ)ဖြင့် တင်ပြထားပါတယ်။ အရေးကြီးအဆို နှစ်ခု၊ သာမန်အဆိုနှစ်ခု တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့သည့်အဆိုများ၏ အခြေအနေကို သိရှိနိုင်ပါရန် နောက်ဆက်တွဲ(ဆ)ဖြင့် ဖော်ပြထားပါတယ်။

ကော်မတီဝင်များ၏ ဒေသအလိုက်လုပ်ငန်းဆောင်ရွက်မှုများအနေနဲ့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် မိမိတို့၏မဲဆန္ဒနယ်မြေတွင် ပြည်သူတို့၏လိုအပ်ချက်ဖြစ်သော ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများအပြင် ပြည်သူတို့အမှန်တကယ်လိုအပ်တဲ့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စနစ်တကျသုံးစွဲစေပြီး မိမိတို့မဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မိမိတို့မြို့နယ်မှာရှိတဲ့ မြို့နယ်ပညာရေးမှူးများနှင့်ညှိနှိုင်းပြီး ပညာရေးဝန်ထမ်းများ၊ ပညာရေးစိတ်ပါဝင်စားသူများအား အခြေခံပညာရေးဥပဒေကြမ်းကို ချပြဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူတောင်းခံခြင်းများပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်အနေနဲ့ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ မြန်မာ့ပညာရေးမြှင့်တင်မှုလုပ်ငန်းကို လိုလားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများကို ဖိတ်ခေါ်ဆွေးနွေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

## ပညာရေးမြှင့်တင်မှုကော်မတီ လုပ်ငန်းအစီရင်ခံစာ

### နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် ၁၉-၂-၂၀၁၆ မှ ၁၈-၂-၂၀၁၇ အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ပါရန် စုစည်းတင်ပြအပ်ပါသည်။

### ဖွဲ့စည်းခြင်း

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆ ဖြင့် အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် အောက်ပါအတိုင်း စတင်ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာတင်အောင် | ကျောက်ဆည်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဆလိုင်းရီယန်းဇဲလ် | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဂ) | ဒေါက်တာမောင်သင်း | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစောကျော်ဝင်းမောင် | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးတင်လှ | ဓနုဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးရွှေလှ(ခ)ရွှေလှဝင်း | သယ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမျိုးညွန့် | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိန်ဟန် | ကံမမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းအောင် | မိုးမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမြင့်ထွန်း | တန့်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်ငွေ | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနန်မွန်ထင် | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးကျော်ရွှေ | ရမ်းပြဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်စိုးမြင့် | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးခမ်ခန့်ထန် | တွန်းဇံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၃။ **ပညာရေးမြှင့်တင်မှုကော်မတီတွင် အဖွဲ့ဝင် (၂)ဦး ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်တီတွင် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို ပြည်သူ့လွှတ်တော်ရုံး၏ ၁၆.၂.၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်-၁၅/၂၀၁၇ အရ အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်း ပေးခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ရီ | ဟသ်ာတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ခ) | ဦးသန်းအောင် | ငပုတောမဲဆန္ဒနယ် | အဖွဲ့ဝင် |

၄။ **တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တွဲဖက်တာဝန်ပေးခြင်း**

ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီတွင် အောက်ဖော်ပြပါ ပြည်သူ့ လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်(၂)ဦးကို ပြည်သူ့လွှတ်တော်ရုံး၏ ၁၆.၂.၂၀၁၇ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၇ အရ လေ့လာသူများအဖြစ် တာဝန်ပေးခဲ့ပါသည်-

(က) ကြည်း ၂၃၉၈၀ ဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦး

(ခ) ကြည်း ၂၄၉၁၂ ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦး

၅။ **ကော်မတီ၏တာဝန်**

ကော်မတီ၏ တာဝန်(၆)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပညာရေးမြှင့်တင်မှုကော်မတီဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ပညာရေးတိုးတက်စေရေးတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(င) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းသည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၆။ ကော်မတီသည်အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ကော်မတီကစိစစ်ရမည့်ဥပဒေများကို လေ့လာသုံးသပ်ခြင်း

(ခ) ကော်မတီသို့ပေးပို့လာသည့်တင်ပြစာများဆောင်ရွက်ခြင်း

(ဂ) ကော်မတီအစည်းအဝေးကျင်းပမှုများ

(ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ

(င) နိုင်ငံခြားခရီးစဉ်များ

(စ) အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်ခြင်း

(ဆ) ကော်မတီဝင်များ၏ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုအခြေအနေများ

(ဇ) ကော်မတီဝင်များ၏ ဒေသအလိုက်လုပ်ငန်းဆောင်ရွက်မှုများ

**(က) ကော်မတီကစိစစ်ရမည့်ဥပဒေများကို လေ့လာသုံးသပ်ခြင်း**

၇။ ပညာရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသည့် ဥပဒေ(၁၃)ခုအနက်မှ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များကို လေ့လာသုံးသပ်လျက် ရှိပါသည်။

၈။ တည်ဆဲဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရယူခြင်းဖြင့်လည်းကောင်း၊ တိုင်စာ၊ အသနားခံစာများကိုလည်းကောင်း၊ ဥပဒေစည်းကမ်းမလိုက်နာမှုများကိုလည်းကောင်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသို့ ထပ်ဆင့်တင်ပြခဲ့ပါသည်။

**(ခ) ကော်မတီသို့ပေးပို့လာသည့်တင်ပြစာများဆောင်ရွက်ခြင်း**

၉။ တင်ပြစာများ၊ တိုင်ကြားစာများ၊ အသနားခံစာများနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ စတင်ဖွဲ့စည်းပေးသည့် ၁၉. ၂. ၂၀၁၆ မှ ၁၈. ၂. ၂၀၁၇ ထိ တင်ပြစာ၊

အကြံပြုစာ၊ တိုင်ကြားစာ စုစုပေါင်း (၁၅၀)စောင်တို့ကိုရရှိခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနသို့ ညှိနှိုင်းအကြောင်းကြား ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

၁၀။ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလိုအပ်ချက်များကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်းကဏ္ဍခွဲခြား၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကဏ္ဍများမှာ-

(က) ကျောင်းအဆင့်တိုးခြင်း

(ခ) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

(ဂ) အန္တရာယ်ရှိကျောင်းဆောင်များ အသစ်ပြန်လည်ဆောက်လုပ်ခြင်း

(ဃ) ဥပဓိရုပ်မကောင်းသောကျောင်းများကို ပြုပြင်ခြင်း

(င) သဘာဝဘေးဒဏ်ကြောင့် ကျောင်းများ ပြောင်းရွှေ့ဆောက်လုပ်ခြင်း

(စ) ဆရာဆရာမလိုအပ်ချက် ဖြည့်ဆည်းခြင်းဟူ၍ ဖြစ်ပါသည်။

**(ဂ) ကော်မတီအစည်းအဝေးကျင်းပမှုများ**

၁၁။ ကော်မတီအစည်းအဝေးများကို (၂၂)ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ ကော်မတီ၏ အစည်းအဝေး ကျင်းပမှုကို နောက်ဆက်တွဲ(က) ဖြင့်လည်းကောင်း၊ ကော်မတီဝင်များ ကော်မတီအစည်းအဝေးသို့ တက်ရောက်မှုအခြေပြဇယားကို နောက်ဆက်တွဲ(ခ) ဖြင့် လည်းကောင်းတင်ပြအပ်ပါသည်။

၁၂။ ၎င်းအစည်းအဝေးများတွင် ပညာရေးနှင့်ဆိုင်သောဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ ပြည်သူများမှတင်ပြလာသော ပညာရေးလိုအပ်ချက်များ၊ ပညာရေးဘတ်ဂျက်ကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

**(ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ**

၁၃။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်တို့သည် နိုင်ငံတကာမှအဖွဲ့အစည်း (၁၀) ခုနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြအပ်ပါသည်။

**(င) နိုင်ငံခြားခရီးစဉ်များ**

၁၄။ ကော်မတီဝင်များသည် အောင်ဆန်းကျောင်းစီမံကိန်းနှင့် 2016 Symposium ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးနိုင်ရန် ဂျပန်-မြန်မာလွှတ်တော်အမတ်များ ချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရ ( ၉. ၅. ၂၀၁၆ ) မှ ( ၁၅. ၅. ၂၀၁၆ ) အထိ ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ကြပါသည်။

**(စ) အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်ခြင်း**

၁၅။ ပညာရေးဝန်ကြီးဌာနမှကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သည့် Workshop, Trainin g, Seminar များသို့ လွှတ်တော်တွင်း (၁၄) ကြိမ်၊ လွှတ်တော်ပြင်ပ (၃၂) ကြိမ်၊ စုစုပေါင်း (၄၆) ကြိမ် တက်ရောက်ခဲ့ကြပါသည်။ နောက်ဆက်တွဲ(ဃ) ဖြင့်ဖော်ပြအပ်ပါသည်။

**(ဆ) ကော်မတီဝင်များ၏ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုအခြေအနေများ**

၁၆။ ကော်မတီဝင်များသည် မဲဆန္ဒနယ်မှ ပြည်သူများနှင့် နိုင်ငံအဝန်းရှိပြည်သူများ၏ အသံ၊ ဆန္ဒများကို နားထောင်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေကိစ္စများ၊ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍများတွင် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများ၊ မြန်မာနိုင်ငံစာစစ်ဥပဒေကို ပြင်ဆင်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းဖြင့် ကိုယ်စားပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုခြင်းဟူသော လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်ကို ကျေပွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

၁၇။ ကော်မတီဝင်များသည် (၁၉.၂.၂၀၁၆) မှ (၁၈.၂.၂၀၁၇) အထိ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ ကြယ်ပွင့်ပြမေးခွန်း ( ၁၇ ) ခု တင်သွင်းခဲ့ ပါသည်။ ကြယ်ပွင့်ပြ မေးခွန်းများအခြေအနေအား သိရှိနိုင်ပါရန် နောက်ဆက်တွဲ (င) တင်ပြအပ်ပါသည်။

၁၈။ ကော်မတီဝင်များသည် (၁၉.၂.၂၀၁၆) မှ (၁၈.၂.၂၀၁၇) အထိ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ ကြယ်ပွင့်မပြမေးခွန်း ( ၃၂ ) ခု တင်သွင်းခဲ့ပါသည်။ ကြယ်ပွင့်မပြမေးခွန်းများအခြေအနေအား သိရှိနိုင်ပါရန် နောက်ဆက်တွဲ ( စ ) တင်ပြအပ်ပါသည်။

၁၉။ ကော်မတီဝင်များသည် (၁၉.၂.၂၀၁၆) မှ (၁၈.၂.၂၀၁၇)အထိ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ အရေးကြီးအဆို (၂)ခု၊ သာမန်အဆို (၂)ခုတင်သွင်း

မူကြမ်း

ခဲ့ပါသည်။ တင်သွင်းခဲ့သည့် အဆိုများ၏အခြေအနေများအား သိရှိနိုင်ပါရန် နောက်ဆက်တွဲ ( ဆ ) ဖြင့် တင်ပြအပ်ပါသည်။

**(ဇ) ကော်မတီဝင်များ၏ ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုများ**

၂၀။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ မဲဆန္ဒနယ်မြေတွင် ပြည်သူတို့၏လိုအပ်ချက်ဖြစ်သော ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများအပြင် ပြည်သူတို့အမှန်တကယ် လိုအပ်သော အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စနစ်တကျသုံးစွဲစေပြီး မိမိတို့မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

ထို့ပြင် မိမိတို့မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးများနှင့်ညှိနှိုင်း၍ ပညာရေးဝန်ထမ်းများ၊ ပညာရေး စိတ်ပါဝင်စားသူများအား အခြေခံပညာရေးဥပဒေကြမ်းကို ချပြဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူ တောင်းခံခြင်းများလည်း ပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

၂၁။ **ရှေ့လုပ်ငန်းစဉ်**

ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ မြန်မာ့ပညာရေးမြှင့်တင်မှုလုပ်ငန်းကို လိုလားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ ကို ဖိတ်ခေါ်ဆွေးနွေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

၂၂။ ပြည်သူများနှင့်အဓိကထိတွေ့နိုင်သော လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများ၏ ပညာရေးလိုအပ်ချက်များကိုဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနများသို့ တင်ပြခြင်း၊ အကြံပေးခြင်း၊ အမျိုးသား ပညာရေးနှင့်ဆက်စပ်သော ဆင့်ပွားဥပဒေများ ပေါ်ပေါက်ရေးတွင် ပါဝင်ပူးပေါင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ပညာရေးကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

၂၃။ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပါမောက္ခများ လက်ခံတွေ့ဆုံ၍ အတွေ့အကြုံဖလှယ်ခြင်းဖြင့် ရေရှည်တည်တံ့၍ နိုင်ငံတကာအဆင့်မီသော ပညာရေးစနစ်တစ်ခု ပေါ်ပေါက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၅-၆-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲတဲ့ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းမှာဖြစ်ပါတယ်။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ၁၈၇၂ ခုနှစ်မှာ အိန္ဒိယအက်ဥပဒေအမှတ်(၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေဟာ ထိမ်းမြားမှတ်ပုံတင်အရာရှိများကို Birth, Dead and Marriages Act အရ ခန့်အပ်ထားခြင်းဖြစ်သော်လည်းပဲ ဒီအက်ဥပဒေဟာ ၁၉၉၂ ခုနှစ်၊ ဥပဒေအမှတ်(၁)ဖြင့် ရုတ်သိမ်းခဲ့ပြီးဖြစ်တဲ့အတွက် ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ ခန့်အပ်မည့်ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်လိုအပ်ပါတယ်။ ဒါ့အပြင် ရာဇသတ်ကြီးဥပဒေကိုပြင်ဆင်သည့် ၂၀၁၆ ခုနှစ် ဥပဒေအမှတ်(၆) အရ ပုဒ်မ ၃၇၅ ကင်းလွတ်ချက်များ မိမိရဲ့

ဇနီးမယားရဲ့အသက်ကို ၁၃ နှစ်မှ ၁၅ နှစ်သို့ ပြင်ဆင်ခဲ့တဲ့အတွက် လက်ထက်ထိမ်းမြားခွင့်ရှိတဲ့ မိန်းမရဲ့အသက်ကို ၁၅ နှစ်လို့ပြင်ဆင်ရန်လိုအပ်ပြီး ခေတ်ကာလငွေကြေးတန်ဖိုးနှင့် လိုက်လျော ညီထွေဖြစ်စေမယ့် ငွေကြေးတန်ဖိုးသတ်မှတ်ချက်များကိုလည်း ပြင်ဆင်ရန်လိုအပ်တဲ့အတွက် ပြင်ဆင် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို၊ ပြင်ဆင်သည့်ဥပဒေကြမ်းကို တည်ဆဲဥပဒေများနှင့်ညီညွတ်စေဖို့အတွက်လည်းကောင်း၊ ခေတ်ကာလ နှင့်လိုက်လျောညီထွေမရှိတော့တဲ့ ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ရန်အတွက်လည်းကောင်း၊ ခေတ်ကာလနှင့်ညီညွတ်တဲ့ငွေကြေးတန်ဖိုးသတ်မှတ်ချက်များကို ပြင်ဆင်ရန်အတွက်လည်းကောင်း ရည်ရွယ်ပြီး ခေတ်ကာလအခြေအနေနှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲပြုစုထားတဲ့အတွက် အထူး ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာ ကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါထန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေ ကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၁၃၄
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၅-၆-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀ (၁၅၈)/ ပထစ-၂၀၁၇

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါ စာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်လည်းကောင်း၊ ခေတ်ကာလနှင့် ညီညွတ်သည့် ငွေကြေးတန်ဖိုးသတ်မှတ်ချက်များကို ပြင်ဆင်ရန်လည်းကောင်း ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၉-၆-၂၀၁၇ ရက်(သောကြာနေ့)နှင့် ၁၂-၆-၂၀၁၇ ရက် (တနင်္လာနေ့)တို့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စု

တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံ ရမည့်မူ(၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် -

၄။ သို့ဖြစ်ပါ၍ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော် က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၁၃၄
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၅-၆-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀ (၁၅၈)/ပထစ-၂၀၁၇

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေမှု မရှိတော့သည့်ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်လည်းကောင်း၊ ခေတ်ကာလနှင့် ညီညွတ်သည့် ငွေကြေးတန်ဖိုးသတ်မှတ်ချက်များကို ပြင်ဆင်ရန်လည်းကောင်း ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၉-၆-၂၀၁၇ ရက်(သောကြာနေ့)နှင့် ၁၂-၆-၂၀၁၇ ရက်(တနင်္လာနေ့)တို့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၇ ပိုဒ်ပါရှိပါသည်.

(ခ) အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃။ The President of the Union may appoint Registrars-General of marriages and Registrars of marriages, for specified areas in the Republic of the Union of Myanmar, under this Act.

မူကြမ်း

The area for which any such Registrar of marriage is appointed shall be deemed to be his district.

(ဂ) အပိုဒ် ၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၆။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၁၃-က တွင်ပါရှိသော Registrars-General of Births, Deaths and Marriages ဆိုသည့်စကားရပ်ကို Registrars-General of Marriages ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သို့ဖြစ်ပါ၍ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၆-၆-၂၀၁၇ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းတဲ့ နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး

ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူကိုယ်စားလှယ် ၁၄ ဦးအနက် သုံးဦးက ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၁၃-၆-၂၀၁၇ ရက်နေ့)မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန်ကျန်ရှိတဲ့ ကိုယ်စားလှယ် ၁၁ ဦးဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆွေးနွေးဖို့ ကိုယ်စားလှယ် ၁၁ ဦးကျန်တယ်။ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်ရှင်းမယ်။ အဆိုရှင်ရဲ့ သဘောထားမေးမယ်။ ၁၃ ဦးလုံး ပြောလို့ရတယ်။ အခု ကျွန်တော်တို့ လွှတ်တော်ချိန်က ပြည်ထောင်စုလွှတ်တော်ကိုလည်း တက်ရမည့်အနေအထားရှိတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တွေအနေနဲ့ ဆွေးနွေးတဲ့အခါမှာ တိုတိုနှင့်လိုရင်းဆွေးနွေးပေးပါ။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ လဟယ်မဲဆန္ဒနယ်က ဦးသက်နောင်ဖြစ်ပြီး လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို့ရဲ့အဆိုနှင့်ပတ်သက်ပြီး အပြုသဘောဆောင် ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ဟာ မြန်မာနိုင်ငံမှာ နှစ်ကြာရှည်ကြုံတွေ့နေကြရတဲ့ အလုပ်လက်မဲ့ပြဿနာကို တဖြည်းဖြည်းလျော့နည်းကျဆင်းသွားစေတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့အဆိုပြုတင်သွင်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့က လူငယ်၊ လူလတ်ပိုင်းအရွယ်တွေနဲ့ ဝေးလံခေါင်ဖျားဒေသမှာနေထိုက်ကြတဲ့ လူငယ်လူရွယ်တို့ရဲ့ အလုပ်လက်မဲ့ပြဿနာနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကိစ္စတွေကို အဓိကထားပြီးတော့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင် တင်ပြထားသလိုပါပဲ အသက် (၁၅) နှစ်ကနေ (၃၅) နှစ်အရွယ်မှာရှိတဲ့ လူငယ်တွေမှာ ၁၀ ဦးအနက် လေးဦးခန့်သာအလုပ် အကိုင်ရရှိကြပြီးတော့ ကျန်ခြောက်ဦးခန့်မှာ အလုပ်လက်မဲ့ဖြစ်နေကြောင်း တင်ပြထားတာတွေ့ရပါတယ်။ တကယ်တော့ ဒီလိုလူငယ်တွေကြား အလုပ်လက်မဲ့ရာခိုင်နှုန်းမြင့်မားလာခြင်းဟာတိုင်းပြည်ရဲ့တိုးတက်မှုကို နှောင့်နှေးသွားစေနိုင်ပါတယ်။ သို့သော်လည်း နိုင်ငံတော်အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်း ရှင်များအနေဖြင့် လူငယ်အသက်အပိုင်းခြားအုပ်စုတွေကို ပစ်မှတ်ထားပြီးတော့အလုပ်အကိုင်အခွင့် အလမ်းတွေဖန်တီးပေးနိုင်မည်ဆိုရင်တော့ ယခုကြုံတွေ့နေရတဲ့ အလုပ်လက်မဲ့ပြဿနာတွေဟာလည်း တဖြည်းဖြည်းလျော့နည်းသွားနိုင်မယ်လို့ ယူဆမိပါတယ်။ တကယ်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာကြည့်လိုက်ရင် ဘွဲ့ရလူငယ်တွေအများကြီးရှိနေပေမဲ့ ရထားတဲ့ဘွဲ့နဲ့လုပ်တဲ့အလုပ်တွေက တစ်ခြားစီဖြစ်နေတာတွေ၊ ဘွဲ့ရပြီးအလုပ်လက်မဲ့ဖြစ်နေတာတွေ များစွာရှိနေပါတယ်။ ဒီလို ဖြစ်လာရတဲ့အကြောင်းတရာတွေအနက် အချို့ကိုတင်ပြရရင်ရရှိထားတဲ့ပညာတွေကို

လတ်တွေ့အသုံးချနိုင်မည့် အခြေအနေတွေ၊ နေရာတွေဖန်တီးပေးထားမှုအပိုင်းမှာ မရှိသလောက် အားနည်းခြင်း၊ တီထွင်ဖန်တီးမှုစွမ်းရည်လျော့နည်းလာခြင်း၊ လူငယ်တွေမှာ ကိုယ့်အားကိုယ်ကိုးလို စိတ်လျော့နည်းလာခြင်းနဲ့ ရရှိထားတဲ့ဘွဲ့ပေါ်မှာ ယုံကြည်မှုနည်းပါးလာခြင်းစတာတွေကြောင့်လို့ ထင်မြင်သုံးသပ်ရပါတယ်။

ဘာကြောင့်လဲဆိုတော့ အခြားနိုင်ငံတွေကို ကြည့်လိုက်လို့ဆိုရင် လူငယ်တွေကြားမှာ ကျောင်း မပြီးခင်ကတည်းက မိမိတို့ဆည်းပူးနေတဲ့ ဘာသာရပ်၊ ဒါမှမဟုတ်ရင်လည်း စိတ်ဝင်စားတဲ့အကြောင်း အရာနှင့်စပ်လျဉ်းပြီးတော့ လုပ်ငန်းအတွေ့အကြုံများ ရယူထားနိုင်ခြင်း၊ ဆန်းသစ်တီထွင်မှုတွေကို အားပေးကူညီပေးခြင်းနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လမ်းညွှန်ပေးခြင်း၊ Internship Programme များထားရှိပေးခြင်းနဲ့ ကျောင်းပြီးဆုံးချိန်မှာလည်း လုပ်ငန်းများနှင့်ချိတ်ဆက်ပေးခြင်း စတဲ့အစီအမံကောင်းများရှိနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် အလုပ်အကိုင်ဖန်တီးမှုနှင့် ပတ်သက်လို့ ကိုယ့်အားကိုယ်ကိုးပြီး ဘဝရပ်တည်မှုကို ဖန်တီးပေးနိုင်တဲ့ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ လက်တွေ့လုပ်ကိုင်နိုင်တဲ့အခြေအနေ မျိုးရအောင် စီမံချက်ချမှတ်ဖော်ဆောင်ပေးမည်ဆိုရင်တော့ လူငယ်တွေကြားမှာ အလုပ်လက်မဲ့ ပြဿနာတွေ တဖြည်းဖြည်းလျော့နည်းကျဆင်းလာနိုင်မယ်လို့ သုံးသပ်မိပါတယ်။ ဝေးလံခေါင်သီတဲ့ ကျွန်တော်တို့ နာဂဒေသလို နေရာမျိုးမှာနေကြတဲ့ လူငယ်တွေဟာ ကတယ်တော့ ပြည်မကြီးမှာရှိနေ ကြတဲ့ လူငယ်တွေအတွက်ပိုပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီးတော့ အလုပ်လက်မဲ့ဦးရေ ပိုများပါတယ်။

ဒီ့အပြင် ကျောင်းပညာကို ဆုံးခန်းတိုင်အောင်မသင်ကြားနိုင်တဲ့ လူငယ်လူရွယ်ဦးရေဟာဆိုရင် ၈၅ ရာခိုင်နှုန်းခန့်မှာ ရှိနေတဲ့အတွက် အနာဂတ်ပျောက်ဆုံးနေကြရပါတယ်။ မြို့ကြီးပြကြီးတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေများစွာ ရှိပေမဲ့ ဒီလိုပညာအရည်အချင်းတွေ၊ လုပ်ငန်းအတွေ့အကြုံ တွေက အဓိကထားပြီးခေါ်ယူနေတဲ့အတွက် ဝေးလံခေါင်သီတဲ့ဒေသက ပညာဆုံးခန်းတိုင်အောင် မသင်ကြားရတဲ့ လူငယ်တွေအလုပ်အကိုင်ရရှိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီလို ဉာဏ အားထက် ကာယအားကို အသုံးပြုကြမည့် လူငယ်တွေအတွက်လည်း ဒေသနှင့်ကိုက်ညီပြီး လုပ်ငန်း အမျိုးအစားပေါ်မူတည်ကာ Technician ပညာရှင်များနှင့် Skilled Labour ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးဖို့ အကြံပြုလိုပါတယ်။ ဥပမာ- ကျွန်တော်တို့ လဟယ်မြို့နယ်မှာ ဒေသဖွံ့ဖြိုးရေး ဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေအနေနဲ့ လူထုအခြေပြု

မူကြမ်း

ခရီးသွား လုပ်ငန်းတွေအပေါ် အကောင်အထည်ဖော်လုပ်ဆောင်တဲ့အခါမှာ ဒေသခံပညာရှင် မရှိသလောက်ရှားပါးခြင်းနဲ့ ကျွမ်းကျင်လုပ်သားနည်းပါးခြင်းစတဲ့ အခက်အခဲတွေနဲ့ ကြုံတွေ့ရပါတယ်။ လုပ်နိုင်ကိုင်နိုင်စွမ်းရှိတဲ့သူတွေပဲ အလုပ်အကိုင်တွေရကြပြီးတော့ လုပ်ငန်းကျွမ်းကျင်မှုတစ်စုံတစ်ရာ မရှိတဲ့လူငယ်တွေဟာ အထက်ဖော်ပြတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ လုပ်ကိုင်ခွင့်ဆုံးရှုံးနေကြရသလို ကျွမ်းကျင်လုပ်သားနည်းပါးတဲ့အတွက် လုပ်ငန်းအရည်အသွေးများလည်း ကျဆင်းရပါတယ်။ ဒါကြောင့် တောင်တန်းဒေသနှင့်ကိုက်ညီတဲ့ လုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ကိုင်နိုင်မည့် သီးခြား အသက်မွေးဝမ်းကျောင်းပညာရပ်ပိုင်းဆိုင်ရာ အစီအမံတွေလည်းချမှတ်ပေးပြီးတော့ ပြုစုပျိုးထောင် ပေးဖို့လိုအပ်မှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။ ဒီ့အပြင် အစိုးရအနေဖြင့် ဒီလိုဝေးလံခေါင်သီတဲ့ ဒေသမှာ သီးခြားရွှေ့ပြောင်းတောင်ယာစနစ်ကနေ ဒေသနှင့်ကိုက်ညီတဲ့ နှစ်သီး၊ သုံးသီးအထိ စိုက်ပျိုး နိုင်မည့်နည်းပညာတွေ၊ စိုက်ပျိုးရေးရင်းနှီးမတည်ငွေတွေနဲ့ အာမခံချက်ရှိတဲ့ ဈေးကွက်တွေဖန်တီး ပေးမယ်ဆိုရင်တော့ ကာယအားကိုအသုံးပြုနေကြတဲ့ ၈၅ ရာခိုင်နှုန်းသော ဒေသခံလူငယ်လူရွယ် တွေဟာ စဉ်ဆက်မပြတ်အလုပ်အကိုင်ရရှိနေမှာဖြစ်ပါတယ်။ အကယ်၍ အစိုးရအနေနဲ့ ငွေကြေးမပံ့ပိုး နိုင်သည့်တိုင်အောင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှ အကူအညီတွေရယူပြီးတော့လုပ်ဆောင် ပေးမယ်ဆိုရင်တော့ ဒေသအတွင်တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင် ငယ်များ၊ ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာနိုင်မှာဖြစ်ပြီးတော့ တောင်တန်းနှင့်ပြည်မကြီးတွေမှာရှိနေကြတဲ့ အနာဂတ်လူငယ် လူရွယ်တွေကြားမှာ Income Ratio ကွာဟမှုနဲ့ အလုပ်အကိုင်အခွင့် အလမ်းကွာဟာမှုဟာ နည်းသွားနိုင်တယ်လို့ ယူဆမိပါတယ်။

နောက်တစ်ချက်ဆွေးနွေးလိုတာကတော့ ဘွဲ့ရလူငယ်လူရွယ်တွေ အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်း ကဏ္ဍတွေမှာ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးနေရတဲ့ကိစ္စဖြစ်ပါတယ်။ မြန်မာပြည်က အသိအမှတ် ပြုထားတဲ့ ဘွဲ့ရရှိသူတွေအတွက်တော့ အခက်အခဲမဟုတ်ပေမဲ့ ကျွန်တော်တို့ နာဂဒေသလို နယ်စပ် ဒေသနှင့်ထိတွေ့ဆက်စပ်နေတဲ့ တိုင်းရင်းသားခေတ်ပညာတတ်လူငယ်တွေ အထူးသဖြင့် အခြေအနေ အမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံမှာ သွားရောက်ပြီးပညာသင်ယူခဲ့ကြ၊ ဘွဲ့ရခဲ့ကြပေမဲ့ ပညာရေးမူအရ လက်ရှိအချိန်မှာ အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်ဖို့ အဟန့်အတားအခက် အခဲတွေရှိနေပြီးတော့ လုပ်ငန်းလုပ်ကိုင်ခွင့်အခွင့်အရေးတွေ ဆုံးရှုံးနေကြရပါတယ်။ တစ်ဖက်က ကြည့်ရင် ပညာတတ်လူ့အရင်းအမြစ်တွေရှိနေပေမဲ့ မူကန့်သတ်ချက်တွေကြောင့် ဒေသအတွက်

ထိရောက်စွာအသုံးမပြုနိုင်သေးတာဟာလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ဆုံးရှုံးမှုဖြစ်စေပါတယ်။ ဒါကြောင့် ဒီလိုကိစ္စမျိုးကိုလည်း အစိုးရအနေနဲ့အလေးထား စဉ်းစားဆောင်ရွက်ပေးစေလိုပါတယ်။

နိဂုံးအားဖြင့် နိုင်ငံ့အနာဂတ်ကို ဦးဆောင်ဦးရွက်ပြုကြမယ့် ယနေ့လူငယ်အုပ်စုအသီးသီးရဲ့ အခြေအနေကို သုံးသပ်ပြီးတော့ စဉ်ဆက်မပြတ်အာမခံချက်ရှိတဲ့ အလုပ်အကိုင်များ၊ ဝင်ငွေအခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရန်နှင့် အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာစေရန်အတွက် စနစ်ကျတဲ့အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အမှန်တကယ် လိုအပ်နေပြီဖြစ်တဲ့အတွက်ကြောင့် အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံရင်းနိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမည့် အုတ်တွင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်မှ မြန်မာနိုင်ငံရဲ့ အလုပ်လက်မဲ့ပြဿနာများ ဖြစ်ရခြင်းအကြောင်းတရားများ၊ အလုပ်လက်မဲ့ပြည်သူအရေအတွက် ရာခိုင်နှုန်းများ ကို ရှုထောင့်ပေါင်းစုံမှ တိတိကျကျနှင့်ဖော်ပြသွားပြီး ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ကလည်း အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းနဲ့လျော့နည်းကျဆင်းလာဖို့ နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချအကောင်အထည်ဖော် ဆောင်ရွက်စေချင်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူဦးရေ ၅၁ သန်းကျော်မှာ အစိုးရဝန်ထမ်းဦးရေဟာ တစ်သန်းကျော်သာရှိတဲ့အတွက် ကျန်တဲ့ပြည်သူ သန်း ၅၀ ခန့်ဟာ ဘဝရပ်တည်ရေးအတွက် ပြင်ပလုပ်ငန်းများကို လုပ်ကိုင်နေရခြင်းများ ဖြစ်နေရပါတယ်။ နိုင်ငံတော်မှာ အလုပ်လက်မဲ့ပြဿနာဟာဆိုရင်လည်း ၁၉၈၈ ခုနှစ် ပတ်ဝန်းကျင်ကစပြီး တစ်စတစ်စနှင့်ကြီးထွားလာတဲ့ပြဿနာကြီးတစ်ခု ဖြစ်ပါတယ်။ ဒီပြဿနာဟာ ထုထည်ကြီးမားတာကြောင့် အမြန်ဖြေရှင်းနိုင်တဲ့ကိစ္စတစ်ရပ်မဟုတ်ပေမဲ့ အချိန်ယူပြီးအစိုးရက စီမံချက်ချဆောင်ရွက်မည်ဆိုရင် တော့ ကောင်းမွန်လာတဲ့အခြေအနေ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများအား ဖန်တီးပေးရာမှာ အလုပ်အကိုင်ဖန်တီးပေးနိုင်မည့် အထောက်အပံ့ပြုသော စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ခြင်းအပေါ် များစွာတည်ပါတယ်။ ဒါကြောင့်အခြေခံအဆောက်အအုံများ အထူးသဖြင့် လျှပ်စစ်

နှင့်လမ်းတံတားများ ဆောက်လုပ်ပေးခြင်းဖြင့် ကုန်သွယ်မှုတွေတိုးမြင့်ပြီး အပြည်ပြည်ဆိုင်ရာဈေးကွက်ကိုလည်း ဖိတ်ခေါ်ရာရောက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တစ်နိုင်ငံလုံးမှာ အစိုးရကခွင့်ပြုလုပ်ကိုင်နေတဲ့ ပုဂ္ဂလိကလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်း၊ အစိုးရလုပ်ငန်းများ များစွာရှိပြီး ဒီလုပ်ငန်းအပေါ်မှာ မှီခိုနေကြတဲ့ ဝန်ထမ်းပေါင်းများစွာလည်း ရှိပါတယ်။ ဒီလုပ်ငန်းတွေကို လုပ်ကိုင်တဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ စီမံခန့်ခွဲမှုလိုအပ်ချက်တွေ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတွေရဲ့ လိုအပ်ချက်တွေကြောင့် သက်ဆိုင်ရာဒေသမှာရှိတဲ့ ပြည်သူတွေနဲ့ လိုက်လျောညီထွေမှုမရှိကာ လုပ်ငန်းရပ်ဆိုင်းရခြင်း၊ လုပ်ငန်းဆောင်ရွက်လို့မရခြင်း၊ အများအပြားကြုံတွေ့နေရပါတယ်။ ဒါတွေကိုသာ စနစ်တကျစီမံဆောင်ရွက်နိုင်မည်ဆိုရင် အလုပ်လက်မဲ့ပြဿနာရဲ့ အစိတ်အပိုင်းအများစုကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရကသာ စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ လုပ်ငန်းတွေကို ဖော်ဆောင်နိုင်မည်ဆိုရင် နိုင်ငံတကာမှရင်းနှီးမြှုပ်နှံမှုတွေဟာ ပိုမိုဝင်ရောက်လာမှာဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်တဲ့နေရာမှာ အားနည်းနေမှုတွေရှိနေပါသေးတယ်။ ကမ္ဘာ့စီးပွားရေးဝန်းကျင်က လူရိုသေ၊ ရှင်ရိုသေ စီးပွားရေးလုပ်ငန်းကြီးတွေကို မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်အောင် ဘယ်လိုလမ်းဖွင့်ပေးနိုင်မလဲဆိုတာကို မူဝါဒချတဲ့သူတွေ၊ ဆုံးဖြတ်ချက်ချတဲ့သူတွေက အလေးပေးစဉ်းစားသင့်ပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးရှန်းထနိုင်ဖို့နဲ့ ဒေသအတွင်းအားကောင်းတဲ့၊ အရေးပါတဲ့အစိတ်အပိုင်းတွေပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာလူငယ်မိဘတွေဟာ အစိုးရဝန်ထမ်းဘဝကို ခုံမင်သူ၊ လိုလားနှစ်သက်သူ၊ ရောင့်ရဲတင်းတိမ်သူတွေ များပါတယ်။ အစိုးရဝန်ထမ်းဖြစ်ဖို့အတွက် ပညာဆိုတာလိုပါတယ်။ အနိမ့်ဆုံး (၁၀) တန်းအောင်ဖို့လိုပြီး ထိုမှတစ်ဆင့် ဘွဲ့ရဖို့လိုပါတယ်။ စီးပွားရေးသမားတစ်ယောက် လုပ်ငန်းရှင်တစ်ယောက်ဖြစ်ဖို့ဆိုတာ မရေရာမသေချာတဲ့အတွက်၊ မိဘတွေအနေနဲ့လည်း မထောက်ပံ့နိုင်တဲ့အတွက်ကြောင့် ပညာရေးကို အရှည်တည်ပြီး အာမခံချက်ရှိတဲ့အစိုးရဝန်ထမ်းတစ်ယောက် ဖြစ်ဖို့အရေးကို ဦးတည်ချက်ထား မျှော်မှန်းတာဖြစ်ပါတယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်းမဲ့နေတဲ့ အသက် (၃၀) နှင့်အထက် အလုပ်လုပ်နေတဲ့ ပြည်သူတွေကို တိုင်းပြည်မှာလိုအပ်နေတဲ့ အစိုးရဝန်ထမ်းအဖြစ် ဖြေလျှော့မှုများနှင့်လည်း တာဝန်ပေးအပ်သင့်ပါတယ်။ ၎င်းအလုပ်လုပ်နိုင်တဲ့ လူငယ်တွေဟာ ဘွဲ့တွေရပြီး အလုပ်အကိုင်ရရှိဖို့ စောင့်မျှော်ရင်း အသက်တွေသာကြီးသွားကာ သတ်မှတ်

မူကြမ်း

ထားတဲ့ အသက်မှာကျော်လွန်သွားတဲ့အတွက် လွန်စွာမှထိခိုက်နစ်နာမှုတွေရှိပြီး အလုပ်လက်မဲ့များ ပိုမိုများပြားစေပါတယ်။ အလုပ်လက်မဲ့ပြဿနာကြောင့် ဆင်းရဲမွဲတေမှုဒဏ်က မလွတ်နိုင်တဲ့အခြေအနေတွေလည်း ဖြစ်ပေါ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာ လူသုံးကုန်ပစ္စည်းအများစုကို နိုင်ငံခြားက တင်သွင်းနေတာကြောင့် ပြည်သူတွေအလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုများစွာဖြစ်နေတဲ့အတွက် နိုင်ငံခြားကို လူ့အခွင့်အရေးဆုံးရှုံးစွာနဲ့ အလုပ်သွားလုပ်နေရတာကြောင့် ကုန်ထုတ်လုပ်ငန်းတွေအတွက် စက်ရုံငယ်လေးတွေ တိုးချဲ့လုပ်ကိုင်ဖို့ကိုလည်း အကြံပြုလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် အထက်ပါအတိုင်း အစိုးရအနေနဲ့ ကျွန်မရဲ့အကြံပြုချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုရင် နိုင်ငံရဲ့အချို့သောအလုပ်လက်မဲ့ ပြဿနာတွေဟာ တဖြည်းဖြည်းလျော့နည်းလာမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော် (ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့်အကြောင်းအရာကတော့ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ နိုင်ငံရဲ့အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တတ်သိသမျှနှင့်ပတ်သက်တာလောက်ပဲ အကျဉ်းချုံးပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုအရ အလုပ်လုပ်နိုင်သူများအနက် ၃၄ ရာခိုင်နှုန်းက အလုပ်လက်မဲ့ဖြစ်နေကြောင်း သိရပါတယ်။ တစ်ချိန်တည်းမှာပဲ သတ္တုတွင်းလုပ်ငန်းများ ယာယီဆိုင်းငံ့ထားကြောင်း၊ သက်တမ်းတိုးမပေးကြောင်းလည်း ကြားသိရပါတယ်။ သတ္တုတွင်းလုပ်ငန်းများကို ဘယ်လိုပဲတားမြစ်ပိတ်ပင်ထားပေမယ့် ငါ့ဝမ်းပူဆာ မနေသာဆိုသလို တားမနိုင်ဆီးမရ သတ္တုတွင်းလုပ်ငန်းလုပ်တတ်သူများကတော့ လုပ်နေကြမည်သာဖြစ်ပါ

တယ်။ သတ္တုတွင်းဌာနအနေနဲ့ပြောရရင် အလုပ်ကမရှိတာ မဟုတ်ပါဘူး။ မလုပ်ရတာသာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ထိုက်သင့်သောဝင်ငွေခွန်များလည်း ရရှိအောင်၊ အလုပ်လက်မဲ့လည်း လျော့နည်းသွားအောင် သတ္တုတွင်းထုတ်လုပ်မှုလုပ်ငန်းများကို စနစ်တကျကြီးကြပ်ပြီးတော့ လုပ်ငန်းများအားခွင့်ပြုပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအသီးသီးမှာ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေကြသည်မှာ ကြာပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာသာ လျှပ်စစ်မီးမရှိလို့ ရင်းနှီးမြှုပ်နှံမှုမရှိ။ ရင်းနှီးမြှုပ်နှံမှုမရှိလို့ လျှပ်စစ်ဓာတ်အားမရှိနဲ့ ဂျာအေးသူ့အမေရိုက်သလို ဖြစ်နေပါတယ်။ ကျောက်မီးသွေးဖြင့် ဓာတ်အားထုတ်လုပ်ခြင်းသည် ပေါချောင်ကောင်းလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ တွေဝေမနေဘဲနဲ့ မိမိတို့လုပ်ရမယ့်အလုပ်တွေကို အချိန်နဲ့တစ်ပြေးညီ လုပ်မှသာ အလုပ်လက်မဲ့ပြဿနာလည်း အထိုက်အလျောက်ပြေလည်သွားမည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်ရဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ သတ္တုတွင်းပေါင်း အမြောက်အမြားရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးတစ်ခုအတွင်းမှာပဲ သတ္တုတွင်းပေါင်း ၁၀၀ ကျော်ရှိခဲ့ပါတယ်။ သတ္တုတွင်းလုပ်သားပေါင်းသိန်းဂဏန်းရှိပြီး မြန်မာတစ်ပြည်လုံးအတိုင်းအတာအနေနဲ့ဆိုရင် သတ္တုတွင်းလုပ်ငန်းမှာ အလုပ်သမားဦးရေစုစုပေါင်းမှာ သန်းနှင့်ချီ၍ရှိခဲ့ကြောင်း ခန့်မှန်းသိရှိရပါတယ်။ ဥပမာအားဖြင့် ၁၉၁၄ ခုနှစ်က ဖွင့်လှစ်ခဲ့တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ နမ္မတူဘော်တွင်းသတ္တုတွင်း စဖွင့်ခဲ့စဉ်က ကျွန်တော်တို့ဆီမှာအလုပ်သမားမလုံလောက်လို့ အိန္ဒိယပြည်က အိန္ဒိယလူမျိုးတွေကို သင်္ဘောနဲ့သွားတိုက်ခဲ့ရတယ်ဆိုတာ သိရပါတယ်။ လုပ်ငန်းပုံမှန်လည်ပတ်စဉ်မှာ ဘော်တွင်းသတ္တုတွင်းဟာ အလုပ်သမားအင်အား ၅၀၀၀ ကျော်နှင့် မှီခိုသူမိသားစုများအပါအဝင်၊ ဈေးရောင်းဈေးဝယ်အပါအဝင် ၂၀၀၀၀ ကျော်ခန့်ရှိပြီး စည်ကားခဲ့တဲ့မြို့တစ်မြို့ ဖြစ်ခဲ့ပါတယ်။ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့သော်လည်း အဆိုပါ နမ္မတူဘော်တွင်းသတ္တုတွင်းဟာ နည်းစနစ်ကျ၍ ခိုင်မာသောသတ္တုတွင်းလုပ်ငန်းကုမ္ပဏီများဖြင့် အခုအချိန်မှာ လုပ်ငန်းများဆောင်ရွက်နိုင်လျှင်ပင် စည်ကားသော၊ အောင်မြင်သောသတ္တုတွင်းတစ်ခု ဖြစ်နိုင်ပါသေးတယ်။ ပြည်သူများရဲ့အလုပ်အကိုင်အခွင့်အလမ်းများလည်း ပြန်လည်ရရှိပေါ်ပေါက်လာမှာဖြစ်ပါတယ်။ မူလက နယ်မြေအားဖြင့် အဖြူရောင်နယ်မြေလို့ သတ်မှတ်မထားတဲ့ နယ်မြေဟာလည်း သတ္တုတွင်းလုပ်ငန်းကြောင့် ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေးစသည်ဖြင့် ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးစည်ကားလာခြင်း၊ အုပ်ချုပ်ရေးကဏ္ဍမှာ

လည်း လက်လှမ်းမီလာခြင်း၊ လက်တံရှည်လာခြင်းစသည်ဖြင့် အခြေအနေကောင်းများပေါ်လာကာ လုပ်ငန်းခွင်များလည်း ကျယ်ပြန့်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုနည်းလည်းကောင်း ကယားပြည်နယ် မော်ချီးသတ္တုတွင်းသည်လည်း မူလက အဖြူရောင်နယ်မြေမဟုတ်ပါ။ တပ်မတော်မှ တပ်ရင်းတစ်ရင်းအထိုင်ချရပြီး သတ္တုတူးဖော်ခြင်း လုပ်ငန်းကို လုပ်ခဲ့ပါတယ်။ တစ်ဖြည်းဖြည်းနဲ့ မြန်မာပြည်ရဲ့ဒေသအရပ်ရပ်က တိုင်းရင်းသားပေါင်းစုံ လာရောက်ပြီး အလုပ်လုပ်ကိုင်ကြ။ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက်နဲ့ အဘက်ဘက်က ဒေသဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ မော်ချီးသတ္တုတွင်းသည် ဖားဆောင်းမြို့နယ်မှာရှိပြီး သံလွင်မြစ်ကို ကူးလိုက်ရုံနဲ့ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားပါတယ်။ ဆိုလိုတာကတော့ နိုင်ငံတော်အစိုးရက မလုပ်ဘဲ ထားရင် သတ္တုလုပ်ငန်းဟာ ရပ်စဲသွားပြီး ချောင်းကူးဖြစ်သွားမှာ ရှိပါတယ်။ သူများနိုင်ငံက ရသွားပါမယ်။ မော်ချီးသတ္တုတွင်းလုပ်ကိုင်စေခြင်းအားဖြင့်တွင် ပြည်သူ ၁၀၀၀၀ ခန့်နဲ့ ပြည်သူလူထု ၄၀၀၀၀ ခန့် အလုပ်အကိုင်ရရှိခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထားဝယ်မှာလည်း ဒီလိုပဲ ထီးခီး၊ မေတ္တာ၊ ဟိန္ဒား သတ္တုတွင်းကြောင့်မို့လို့ နယ်မြေလည်း အေးချမ်းသာယာလာခဲ့တာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဦးခင်ချိုရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ အလုပ်လက်မဲ့ပြဿနာကို လေ့လာ ကြည့်တဲ့အခါမှာ အခြေခံအဆောက်အအုံနှင့် နည်းပညာလိုအပ်ချက်တွေ၊ ကျွမ်းကျင်လုပ်သားလိုအပ်ချက်နှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ အားနည်းချက်တွေကြောင့် သွားတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အလုပ်အကိုင်အခွင့်အလမ်းတွေ မြောက်မြားစွာ ဖော်ဆောင်နိုင်တဲ့ ရေအရင်းအမြစ်၊ မြေအရင်းအမြစ်၊ သဘာဝသယံဇာတအရင်းအမြစ်တွေနဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ လူသားအရင်းအမြစ်တွေ အင်မတန်ပေါတဲ့နိုင်ငံပဲဖြစ်ပါတယ်။ အဲဒီအရင်းအမြစ်တွေ ကနေပြီးတော့မှ အခြေခံအဆောက်အအုံတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ နည်းပညာတွေပေါင်းစပ်ပြီးတော့မှ

တန်ဖိုးမြှင့်ပစ္စည်းတွေ ထုတ်လုပ်ပြီးတော့မှ လုပ်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ အကြီးစားစက်မှုလက်မှုလုပ်ငန်းတွေ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ပြီး ပြည်သူတွေ လက်လှမ်းမီအောင်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဒီလိုအလုပ်အကိုင် အခွင့်အလမ်းတွေကို အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်၊ လျှပ်စစ်လိုအပ်ချက်၊ နည်းပညာလိုအပ်ချက်တွေကို ပထမဦးစွာဖြည့်ဆည်းပေးရမှာဖြစ်တဲ့အပြင် ကျွမ်းကျင်လုပ်သားများကိုလည်း မွေးထုတ်ပေးရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ လက်ရှိအခြေအနေမှာတော့ အဲဒီလိုအပ်ချက်တွေကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ရှားပါးနေဆဲပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုအစိုးရသစ်လက်ထက်မှာ ဘယ်လိုရည်မှန်းချက်တွေထားတယ်။ ဘယ်လိုမူဝါဒတွေရေးဆွဲပြီး ဘယ်လိုလုပ်ငန်းစဉ်တွေနဲ့ အလုပ်လက်မဲ့ပြဿနာကို ဘယ်လိုကိုင်တွယ်မယ်ဆိုတာကို လေ့လာကြည့်ဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမှာပါတဲ့ ရည်မှန်းချက်လေးချက်နှင့် မူဝါဒ ၁၂ ချက်ကို လေ့လာကြည့်မယ်ဆိုရင် ရည်မှန်းချက်ထဲမှာလည်းပဲ စွမ်းရည်ပြည့်ဝတဲ့လူငယ်မျိုးဆက်သစ်တွေပေါ်ပေါက်လာရေးအတွက် အခွင့်အလမ်းတွေဖန်တီးပေးဖို့ ပါသလို စီးပွားရေးမူဝါဒ ၁၂ ချက်မှာလည်းပဲ အလုပ်အကိုင်ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစား၊ အလတ်စားလုပ်ငန်းတွေကို ကူညီပံ့ပိုးပေးဖို့နဲ့ ပြည်တွင်းပြည်ပမှ မြန်မာနိုင်ငံသားအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ထုတ်ပေးရေး ဦးစားပေးဆောင်ရွက်ရန်ဆိုတဲ့အချက်တွေ ပါရှိရုံမျှမက အခြားမူဝါဒများမှာလည်းပဲ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်တာတွေ အများကြီးတွေ့နေရပါတယ်။ ဒါ့အပြင် မူဝါဒတစ်ခုချင်းစီအလိုက် အကောင်အထည်ဖော်မယ့်လုပ်ငန်းစဉ်တွေကို လေ့လာကြည့်ရာမှာလည်း မူဝါဒ(၁)ကို အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်သူအတွက်လိုအပ်တဲ့လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ရဲ့ငွေကြေးဖြင့် မလောက်ပါက ပြည်ပချေးငွေတွေ၊ ထောက်ပံ့ငွေများရရှိအောင် ဆောင်ရွက်မယ်လို့ ဆိုထားပါတယ်။ မူဝါဒ(၂)မှာလည်း အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမယ့် အသေးစား၊ အလတ်စားလုပ်ငန်းတွေကို ကူညီပံ့ပိုးမယ်လို့ ဆိုထားပါတယ်။ အဲဒီလုပ်ငန်းစဉ်မှာလည်းပဲ အရင်းအနှီး၊ ကျွမ်းကျင်လုပ်သား၊ ကုန်ကြမ်း၊ စွမ်းအင်နှင့် ဈေးကွက်ရရှိရေးကို ကူညီပံ့ပိုးမယ့်အပြင် လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲဆောင်ရွက်မယ်လို့ ဆိုထားတာကို တွေ့ရပါတယ်။ မူဝါဒ(၅)မှာကျ

တော့ ပြည်တွင်းပြည်ပမှ နိုင်ငံသားများအားလုံးအတွက် အခွင့်အလမ်းများကို ဖော်ထုတ်ပေးရန်နှင့် မြင့်မားသောစီးပွားရေးကဏ္ဍကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်လို့ဆိုထားပြီး လုပ်ငန်းစဉ်မှာကျတော့ လုပ်သားအခြေပြုတဲ့ စက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးမှုအတွက် အားပေးဖော်ဆောင်ဖို့ လယ်ယာလုပ်ငန်းမှာ ပိုလျှံလာတဲ့ အလုပ်သမားတွေအတွက်၊ မိသားစုတွေအတွက်၊ ဒေသထွက်ကုန်ကို အခြေပြုတဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေကို အကောင်အထည်ဖော်ပေးဖို့၊ ပြည်တွင်းလုပ်ငန်းရှင်များနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူများ အကျိုးတူပေါင်းစပ်ပြီးတော့မှ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုကောင်းမွန်အောင် ဖန်တီးလာဖို့၊ ဒါ့အပြင် အလုပ်သမားတွေအတွက် ရပိုင်ခွင့်နှင့်တာဝန်တွေကို တိကျစွာသတ်မှတ်စေပြီးတော့မှ နည်းဥပဒေတွေ၊ ဥပဒေတွေ ရေးဆွဲပြီးဆောင်ရွက်ဖို့ နိုင်ငံအတွင်းမှာရှိတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းမှာဆိုရင်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ဆိုပြီးတော့မှ ရေးဆွဲပြဋ္ဌာန်းထားတဲ့မူဝါဒတွေကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့မူဝါဒတွေ၊ လမ်းစဉ်တွေကို လေ့လာကြည့်တဲ့အခါမှာလည်း ကျွန်တော်အစကတင်ပြခဲ့တဲ့ လိုအပ်ချက်သုံးချက်ကို ဖြည့်ဆည်းပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးမယ့်မူဝါဒတွေကို အများဆုံးတွေ့ရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာန တော်တော်များများမှာလည်း အလုပ်အကိုင်နဲ့ပတ်သက်တဲ့ မူဝါဒတွေကို အများကြီးတွေ့ရပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့မူဝါဒမှာဆိုရင် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရေးလို့ ဆိုထားပါတယ်။ ဒါတွေဟာ ဝမ်းမြောက်စွာကြိုဆိုရမယ့် မူဝါဒတွေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ ရည်မှန်းချက်တွေ၊ မူဝါဒတွေကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါ်လာပြီးတော့မှ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ယုံကြည်မိကြောင်း ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ နောက်ဆုံးတင်ပြလိုတာကတော့ တည်ဆဲဥပဒေတွေရဲ့လိုအပ်ချက်နှင့် ဥပဒေပြုရေးအခန်းကဏ္ဍပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် နိုင်ငံသားတွေရဲ့ဘဝလုံခြုံဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားဖို့ဆိုတာ တည်ဆဲဥပဒေတွေရဲ့ပြည့်စုံကောင်းမွန်မှုရှိ/မရှိအပေါ်မှာ မူတည်ပါတယ်။ ဥပဒေ၊ နည်းဥပဒေတွေဟာ လက်တွေ့ကျကျကျင့်သုံးနိုင်တဲ့ ဥပဒေတွေဖြစ်ဖို့၊ မျှတတဲ့၊ ပြည့်စုံတဲ့၊ ကောင်းမွန်တဲ့ ဥပဒေ

တွေဖြစ်အောင် ရေးဆွဲဖို့လည်း လိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နိုင်ငံတော်အစိုးရ အနေနဲ့ ရည်မှန်းချက်တွေ ဘယ်လောက်ကောင်းကောင်း၊ မူဝါဒတွေ ဘယ်လောက်ကောင်းကောင်း ဥပဒေမကောင်းရင် အလကားပဲ ဖြစ်နေမှာပါ။ ဒါကြောင့်မို့လို့ အလုပ်လက်မဲ့ပြဿနာကို ဖြေလျှော့နိုင်ဖို့ဆိုရင် အစိုးရမှသာ တာဝန်ရှိတာမဟုတ်ဘဲနဲ့ အစိုးရရဲ့မူဝါဒတွေ ကောင်းမွန်ချောမွေ့စွာ အကောင်အထည်ဖော်နိုင်အောင် ဥပဒေတွေ၊ နည်းဥပဒေတွေ ရေးဆွဲရတဲ့ဥပဒေပြုရေးမဏ္ဍိုင်မှာလည်း တာဝန်ရှိကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ဦးခင်ချို့ရဲ့အဆိုကို အလုပ်လက်မဲ့ဖြစ်ရခြင်းရဲ့အကျိုးအကြောင်းတွေ သံသရာလည်နေတဲ့အပေါ်မှာ အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အလုပ်လက်မဲ့ရခြင်းတွေရဲ့အကြောင်းအရင်းတွေထဲက ပညာရေးနိမ့်ကျမှု၊ ဆင်းရဲမွဲတေမှုနဲ့ ငြိမ်းချမ်းရေးမရရှိမှုတွေက အဓိကဖြစ်ပြီး လယ်ယာမြေသိမ်းခံရမှုကလည်း အကြောင်းတရားတစ်ခုဖြစ်ပါတယ်။ လိင်၊ အသက်အရွယ်၊ လူမျိုးခွဲခြားဆက်ခံခြင်းကလည်း တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ Bad Governance လို့ခေါ်တဲ့ အစိုးရရဲ့ အုပ်ချုပ်မှုညံ့ဖျင်းမှုက အထက်ပါအကြောင်းတရားများကို ဖြစ်ပေါ်စေခဲ့လို့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာရော၊ အရှေ့တောင်အာရှနိုင်ငံမှာပါ အဆင်းရဲဆုံးနဲ့ ဖွံ့ဖြိုးမှုအနောက်ကျဆုံးနိုင်ငံအဖြစ် စာရင်းဝင်လာပြီး အလုပ်လက်မဲ့တွေ များပြားလာရပါတယ်။ ယခုအစိုးရသစ်ကို ရွေးချယ်တင်မြှောက်လိုက်တဲ့ပြည်သူများက Good Governance လို့ယူဆနေတဲ့အတွက် အဲဒီဆင်းရဲမွဲတေမှုနဲ့အတူ အလုပ်လက်မဲ့ဘဝက လွတ်မြောက်ချင်လို့ ဆန္ဒစောစွာနဲ့ပြောဆိုတောင်းခံနေတာကို အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရက အလုပ်လက်မဲ့လျှော့ချနိုင်ရန် အရေးတကြီး၊ အရေးတယူလုပ်ဆောင်ရန်သာ ရှိပါတယ်။ ဒါမှပြည်သူတွေအတွက် အရေးတကြီးလူမှုကာကွယ်စောင့်ရှောက်မှုကိုပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီအကြောင်းတရားကနေ စဉ်ဆက်မပြတ်ဆိုးကျိုးတွေဖြစ်တဲ့ ပြည်ပသို့ အသက်အရွယ်မရွေး တရားဝင်ရော၊ တရားမဝင်ပါ အလုပ်သွားလုပ်ရခြင်း၊ လူကုန်ကူးခံရခြင်း၊ မဒိမ်းမှုများဖြစ်ပေါ်ခြင်း၊ ကျန်းမာရေးချို့တဲ့လာခြင်း၊ စိတ်မူမမှန်ခြင်း၊ မထူးဇာတ်များဖြစ်တဲ့ မူးယစ်ဆေးဝါးသုံးစွဲလာခြင်း၊

ရာဇဝတ်မှုများကျူးလွန်လာခြင်းတို့ကိုဖြစ်ပွားပြီး နိုင်ငံတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမရှိမှုတွေက တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်လာပါတယ်။ အဲဒီအကြောင်းများကြောင့် နိုင်ငံရဲ့အခြေကျတဲ့ လူသားအရစ်အမြစ် ကြီးဆုံးရှုံးလာရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတစ်နိုင်ငံရဲ့အနာဂတ်ဟာ လူငယ်များအပေါ်မှာ တည်နေပါတယ်။ ဒါကြောင့် လူငယ်များအတွက် အခြေကျတဲ့လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတိုးတက်ရေးကို အဓိကဆောင်ရွက်ပေးစေလိုပါတယ်။ လူသားအရစ်အမြစ် အရည်အသွေးမီစေဖို့ ပြည့်စုံခိုင်မာတဲ့ ကျောင်းတွင်း၊ ကျောင်းပြင်ပ ခေတ်မီလက်တွေ့ကျတဲ့ပညာရေးစနစ်နဲ့ အလွှာအသီးသီးအတွက် အလုပ်အကိုင်များဖန်တီးပေးစေလိုပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်း ၁၃၅ မျိုး ရှိတဲ့အထဲက လူနေမှုစနစ်မတူတဲ့ ကျွန်မတို့လူနည်းစုတိုင်းရင်းသားများနဲ့ကိုက်ညီတဲ့ ပညာရေးစီမံကိန်းများကိုလည်း ထည့်သွင်းစဉ်းစားပေးစေလိုပါတယ်။ ၎င်းတို့ကို ရေရှည်စဉ်ဆက်မပြတ်ဘဝလုံခြုံပြီး အဆင့်မြင့်နေထိုင်ရန် ယခုအထိပင်ပန်းဆင်းရဲစွာလုပ်ကိုင်နေတဲ့နည်းစနစ်များကို ပြုပြင်ပြောင်းလဲပေးစေချင်ပါတယ်။ ဥပမာ- ရွှေ့ပြောင်းတောင်ယာစနစ်ဖြစ်ပါတယ်။ အလုပ်လက်မဲ့ဖြစ်လို့ နှစ်ပေါင်းမြောက်မြားစွာ ဆင်းရဲစွာ အသက်ရှင်ရပ်တည်ရေးအတွက် လုပ်ကိုင်နေရာကနေ ရိုးရာသဖွယ်ဖြစ်လာပြီး ကယ်တင်ရန်ရွှေ့ပြောင်းတောင်ယာစနစ်ကိုပပျောက်ရန် ထိန်းချုပ်ခြင်းစီမံကိန်းများကို အောင်မြင်စွာ လုပ်နိုင်ခဲ့တဲ့ ကိုရီးယားနိုင်ငံသမ္မတကြီးပတ်ဂျုံဟီးကဲ့သို့ ကောင်းမွန်တဲ့ခေါင်းဆောင်မှု၊ ခိုင်မာတိကျတဲ့ နည်းလမ်းတွေ၊ စနစ်တွေနဲ့ တောင်သူများကိုမထိခိုက်စေဘဲ ပြည်သူတို့ပူးပေါင်းပါဝင်ခြင်းဖြင့် လူနည်းစုတိုင်းရင်းသားများအပေါ် စီမံကိန်းများချမှတ်ပေးပါရန် အနူးအညွှတ်တောင်းပန်တိုက်တွန်း အကြံပြုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆင်းရဲနွမ်းပါးမှု၊ အလုပ်လက်မဲ့မှု၊ လျှပ်စစ်မီးမရှိမှု၊ လမ်းပန်းဆက်သွယ်မှု မကောင်းမှု၊ ကောင်းစွာပညာမသင်ရခြင်း၊ မြေပိုင်မရှိခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ အဂတိလိုက်စားခြင်း၊ ကြောက်အောင်ဖိအားပေးခံရခြင်းစတဲ့အကြောင်းများကြောင့် ဖြစ်ပေါ်လာရတဲ့ ဘိန်းစိုက်တောင်သူဘဝကိုလည်း ပြည်တွင်းပြည်ပအကူအညီနဲ့ နိုင်ငံတော်အစိုးရက ထိရောက်စွာ လက်တွေ့ကျတဲ့ အကောင်အထည်ဖော်မှုများ၊ စီမံကိန်းများဖော်ဆောင်ရွက်ပေးပါရန် အကြံပြုပါတယ်။ ဥပမာ- Convention မှာပဲဖြစ်ဖြစ် World Bank ရဲ့အကူအညီမှာ စီမံကိန်းတစ်ရပ်အနေနဲ့ ထည့်သွင်းပေးနိုင်ပါရန် အကြံပြုပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် အထက်ပါစီမံကိန်းများတည်ဆောက်အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်စီးပွားရေးတောင့်တင်းခိုင်မာမှုဟာ အခရာကျတဲ့အတွက် နိုင်ငံစီးပွားရေးတောင့်တင်းခိုင်မာလာအောင်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုပ်ဆောင်ရန် ခက်ခဲတဲ့စီပွားရေးစနစ်၊ နည်းပညာများကိုပြုပြင်ပြောင်းလဲပြဋ္ဌာန်းပြီး အစိုးရက ပုဂ္ဂလိကအသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းရှင်များနဲ့သော်လည်းကောင်း၊ နိုင်ငံတကာနဲ့သော်လည်းကောင်း ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းပါတယ်။ ငြိမ်းချမ်းရေးရရန်လည်း ပါဝင်ပတ်သက်တဲ့သူကို ခွေးထွေးမှုများပေး၍ မလျှော့မတင်း စောင်းကြိုးညှင်းသကဲ့သို့ မျှတစွာအကောင်အထည်ဖော်ပေးနိုင်ပါရန် တိုက်တွန်းပါတယ်။ လယ်ယာမြေတွေသိမ်းဆည်းခံရသူများရဲ့ပြဿနာကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါမှ အေးချမ်းစွာ အလုပ်လက်မဲ့ဘဝကလွတ်မြောက်မှာဖြစ်ကြောင်း တင်ပြရင်း ထောက်ခံဆွေးနွေးလိုက်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက လှိုင်းဘွဲ့မဲဆန္ဒနယ်က ဦးခင်ချို့ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့လူဦးရေဟာ ၅၁ သန်းခန့်ရှိတဲ့အနက် အလုပ်လုပ်နိုင်သူ ၃၂ သန်းကျော်ရှိပါတယ်။ အမှန်အလုပ်လုပ်နေသူတွေက ၂၁ သန်းကျော်ရှိပြီး အလုပ်လက်မဲ့ဦးရေက ၁၁ သန်းကျော်ရှိတယ်လို့ ယူဆနိုင်ပါတယ်။ ဒီလို အလုပ်လက်မဲ့ပြဿနာတွေ ကြီးထွားနေရတာ ဘာကြောင့်လဲ။ အကြောင်းအရင်းကို ဆန်းစစ်ဖို့လိုအပ်ပါတယ်။ အကြောင်းအရင်းတွေအများကြီးရှိနိုင်ပါတယ်။ ခေတ်အဆက်ဆက် အုပ်ချုပ်သူများရဲ့စီမံခန့်ခွဲမှုအားနည်းချက်များကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ပြည်တွင်းစစ်အရှည်ကြာဆုံးနိုင်ငံဖြစ်နေတာနဲ့လည်း သက်ဆိုင်နေပါတယ်။ မြန်မာနိုင်ငံဟာ အမြန်ဆုံးငြိမ်းချမ်းရေးရပြီး စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ်တည်ဆောက်နိုင်ရင် အလုပ်လက်မဲ့ပြဿနာတွေ တဖြည်းဖြည်းလျော့နည်းသွားမယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အလုပ်အကိုင်ရှားပါးပါတယ်။ အလုပ်အကိုင်များကရတဲ့လုပ်ခလစာတွေဟာလည်း နည်းပါးလွန်းတဲ့အတွက် မိသားစုစားသောက်ရေးကို မဖူလုံဖြစ်နေပါတယ်။ ဒါ့ကြောင့် ပြည်ပသို့နေ့စဉ်လိုလို ထွက်ခွာနေပြီး အလုပ်သွားလုပ်နေကြရပါတယ်။

အချို့ရွာတွေမှာ လယ်လုပ်မယ့်သူတွေမရှိလို့ လယ်တွေကိုစွန့်လွှတ်ထားရတာတွေ များလာနေပါတယ်။ အစိုးရအနေနဲ့ ပြည်တွင်းမှာအလုပ်အကိုင်ဖန်တီးမှု အလွန်နည်းနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှ ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်သူ ၁၆၀၀၀၀ ကျော်ရှိကြောင်း သိရပါတယ်။ ထိုင်းနိုင်ငံသို့ သွားရောက်သူ ၁၁၀၀၀၀ ကျော်ရှိပြီး အများဆုံးဖြစ်နေပါတယ်။ တရားဝင်ထက် တရားမဝင်ဘဲ သွားနေသူတွေပိုများနေပါတယ်။ ထိုင်းသို့အလုပ်သွားလုပ်နေသူတွေကငါးသန်းကျော်ရှိကြောင်းသိရပါတယ်။ ယခုအခါ နိုင်ငံခြားမှာအလုပ်လုပ်နေတဲ့မြန်မာတွေဟာ အသတ်ခံရခြင်း၊ ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ အကြောင်းမဲ့အလုပ်ထုတ်ခံရခြင်း၊ လစာလျှော့ချခြင်း၊ ရှာဖွေဖမ်းဆီးပြီး နေရပ်ပြန်ပို့ခံရခြင်းတွေ နေ့စဉ်ကြားသိနေရပါတယ်။ ဒါ့ကြောင့် တရားမဝင်သွားရောက်သူများကိုလည်း သက်ဆိုင်ရာအစိုးရနှင့်အလုပ်ရှင်များက အသိအမှတ်ပြုရေး၊ သူတို့နိုင်ငံတွင် အလုပ်သမားရပိုင်ခွင့်နှင့် လုပ်ခလစာများ အပြည့်အဝရရှိရေးတို့ကို အစိုးရချင်းညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံမှာလုပ်ခလစာနဲ့ လုပ်နေသူများထက် ပုဂ္ဂလိကကိုယ်ပိုင်စီးပွားရေးလုပ်သူဦးရေများကြောင်း သိရပါတယ်။ ဒါ့ကြောင့်မို့ ကိုယ့်အားကိုယ်ကိုးတဲ့အသက်မွေးဝမ်းကြောင်း ပညာရပ်တွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ လက်တွေ့အလုပ်လုပ်ကိုင်နိုင်တဲ့ အခြေအနေမျိုးရောက်အောင် အစိုးရက သင်တန်းမျိုးစုံနဲ့ စက်မှုသင်တန်းကျောင်းတွေအများကြီး ဖွင့်လှစ်သင်ကြားပေးဖို့လိုအပ်နေပါတယ်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်စုံကူညီဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုများလာနိုင်ကြောင်း ယူဆမိပါတယ်။ ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းများတိုးချဲ့ခန့်ထားရေးနဲ့ပတ်သက်၍ ဌာနတိုင်းမှာ ဖွဲ့စည်းပုံအရသတ်မှတ်တဲ့ ဝန်ထမ်းအင်အားကို အပြည့်အဝမခန့်နိုင်သေးကြောင်း တွေ့ရပါတယ်။ အထူးသဖြင့် ပြည်သူ့ရဲ၊ လဝက၊ မြေစာရင်း၊ ကျန်းမာရေးဌာနတွေမှာ ဝန်ထမ်းအင်အားမလုံလောက်တဲ့အတွက် တိုးချဲ့ခန့်ထားသင့်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများကို တိုးချဲ့ခန့်ထားပေးနိုင်မယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ အလုပ်လက်မဲ့ပြဿနာတွေ လျှော့နည်းလာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် တရုတ်နိုင်ငံရဲ့တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (One Belt, One Road- OBOR)စီမံကိန်းအတွက် မရှိမဖြစ်လိုအပ်တဲ့နိုင်ငံဟာ မြန်မာနိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အဓိကနေရာက ကျောက်ဖြူဖြစ်နေပါတယ်။ ၂၀၁၃ ခုနှစ်ကပင် တရုတ်ခေတ်သစ်ပိုးလမ်းမကြီးတစ်လျှောက် နိုင်ငံတွေအားလုံးအတွက် တရုတ်လုပ်ငန်းရှင်တွေက ကုန်သွယ်ရေးဇုန်ပေါင်း ၅၆ ခုတည်ဆောက်ခဲ့တဲ့အခါ အလုပ်အကိုင်ပေါင်း ၁၆၀၀၀၀ ကို ဖန်တီး

ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ OBOR မှာပါဝင်ဖို့ လက်မှတ်ထိုးထားတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်နေကြောင်း OBOR စီမံကိန်းဟာ စိန်ခေါ်မှုဖြစ်သလို အခွင့်အရေးလည်းဖြစ်ပါတယ်။ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရင် မြန်မာနိုင်ငံက ကမ္ဘာ့လူဦးရေရဲ့ ရာခိုင်နှုန်း ၆၀၊ ၇၀ လောက်ရှိတဲ့ဈေးကွက်မှာ အကျိုးအမြတ်ရှာဖွေနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရလာနိုင်ပါတယ်။ ရင်မဆိုင်နိုင်ရင်တော့ တိုင်းပြည်ကို တရုတ်လက်ထဲထိုးအပ်ရမယ့်အခြေအနေ ဖြစ်သွားနိုင်ပါတယ်။ ဒါ့ကြောင့် စိန်ခေါ်မှုကိုကျော်လွှားနိုင်ဖို့ စနစ်တကျစီမံကိန်းချမှတ်ဖို့ လိုအပ်နေကြောင်းတင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်တွင်းမှာအလုပ်အကိုင်များဖန်တီးပေးနိုင်ဖို့အတွက် ပုဏ္ဏားကျွန်းစက်မှုဇုန်နဲ့ ကျောက်ဖြူအထူးစက်မှုဇုန်အပြင် အခြားစက်မှုဇုန်များကိုလည်း အရှိန်အဟုန်တိုးမြှင့်ပြီး အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်ဖို့ လိုအပ်နေသလို ပြည်ပတရားဝင်အလုပ်အကိုင်များ ရရှိရေးအတွက် အစိုးရ၊ အလုပ်သမားဈေးကွက်သစ်များ ရှာဖွေတိုးချဲ့ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း ဦးခင်ချို့ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင် ဖြစ်ပါတယ်။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့တင်သွင်းထားတဲ့အဆိုကို အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ အလုပ်လက်မဲ့ပြဿနာဆိုတာ ကမ္ဘာ့နိုင်ငံတိုင်းမှာ ဖြစ်ပေါ်နေတဲ့ပြဿနာဖြစ်ပါတယ်။ စီးပွားရေးအဆောက်အအုံကြီးခြင်း၊ သေးခြင်း၊ ခိုင်မာခြင်းနှင့် ခိုင်မာမှုအားနည်းခြင်းပေါ်မူတည်ပြီးတော့ အလုပ်လက်မဲ့ရာခိုင်နှုန်းကလည်း အနည်းအများ ကွာခြားသွားတတ်ကြပါတယ်။ ပထမဦးဆုံးအနေနဲ့ အလုပ်လက်မဲ့ဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုရမယ်ဆိုရင်တော့ လူတစ်ယောက်ဟာ အလုပ်အကိုင်မရှိသော်လည်း အလုပ်ကိုရှာဖွေခြင်းမပြုသောအခြေအနေလို့ ယေဘုယျအားဖြင့်ဆိုကြပါတယ်။ ဒါပေမဲ့လည်း အခြားအကြောင်းအရာများဖြစ်တဲ့ စစ်ဘေးဒုက္ခနဲ့ ကြုံတွေ့နေရတဲ့အခြေအနေတွေ၊ သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့နေရတဲ့အခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အလုပ်လက်မဲ့ပြဿနာရဲ့အရင်းအမြစ်ကို ယေဘုယျအားဖြင့်တော့

နှစ်မျိုးခွဲခြားနိုင်ပါတယ်။ ပထမတစ်မျိုးကတော့ စပ်ကူးမပ်ကူးအလုပ်လက်မဲ့ဖြစ်ခြင်းဆိုပြီးတော့ ဒုတိယတစ်မျိုးကတော့ အဆောက်အအုံပြောင်းအလုပ်လက်မဲ့ဖြစ်ခြင်းလို့ ဆိုကြပါတယ်။ ပထမ တစ်မျိုးကို ဥပမာပြရမယ်ဆိုရင်တော့ လယ်သမားတစ်ဦးဟာ လယ်စိုက်ရန်ရာသီမဟုတ်တဲ့အချိန်တွေ မှာ အလုပ်လက်မဲ့ဖြစ်ခြင်းတို့ဖြစ်ပါတယ်။ ဒုတိယတစ်မျိုးကတော့ လက်ရှိဖြစ်ပေါ်နေတဲ့အလုပ် အကိုင်အခွင့်အလမ်းတွေနဲ့ ကိုက်ညီတဲ့အရည်အချင်းမျိုးမရှိတာဖြစ်ပါတယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် တော့ ယနေ့ကမ္ဘာကြီးဟာ သတင်းအချက်အလက်နည်းပညာ၊ Electronic နည်းပညာ၊e-Government စနစ်ကျင့်သုံးတဲ့ခေတ်ဖြစ်တဲ့အတွက် လက်နှိပ်စက်စာရေးတစ်ယောက်အတွက် တော့ အလုပ်မရနိုင်ခြင်းမျိုးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်မဲဆန္ဒနယ်အကြောင်းလေး အနည်းငယ် ဆွေးနွေးလိုပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဝန်းသိုမြို့ဟာ စိုက်ပျိုးရေးကိုအဓိကထားတဲ့မြို့ဖြစ် သော်လည်းပဲ အချို့နေရာတွေမှာတော့ ရွှေတူးဖော်ရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ဝါးလုပ်ငန်းများသာ ကျွမ်းကျင်ကြပြီးတော့ အခြားသက်မွေးပညာလုပ်ငန်းများကို တတ်ကျွမ်းခြင်းမရှိတဲ့အတွက် ဒီလုပ်ငန်း တွေရပ်ဆိုင်းသွားတဲ့နောက်မှာတော့ အလုပ်လက်မဲ့တွေဟာ တိုးပွားလာနေပါတယ်။ သူတို့တွေရဲ့ ကျွမ်းကျင်တဲ့အလုပ်နဲ့ ရှိနေတဲ့အလုပ်ကမကိုက်ညီတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းရဖို့အတွက် လည်း ခက်ခဲနေကြပါတယ်ခင်ဗျား။ စောစောကကျွန်တော်တင်ပြခဲ့တဲ့နှစ်ချက်စလုံးက ကျွန်တော်တို့ နိုင်ငံမှာ အလုပ်လက်မဲ့ပြဿနာ အများဆုံးဖြစ်တဲ့အခြေအနေတွေဖြစ်ပါတယ်။ စပ်ကူးမပ်ကူး အလုပ် လက်မဲ့ဖြစ်ခြင်းဟာ အချိန်အတိုင်းအတာတစ်ခုထိသာဖြစ်တဲ့အတွက် စိုးရိမ်စရာမရှိဘူးလို့ ဆိုကြပေမဲ့ လည်း ရာသီဥတုဖောက်ပြန်တဲ့အချိန်၊ သီးနှံဈေးကွက်ပျက်ပြီးတော့ ဈေးကောင်းမရတဲ့အချိန်တွေမှာ တော့ စိုးရိမ်စရာအနေအထားဖြစ်တတ်ပါတယ်။ အဆောက်အအုံပြောင်းလဲအလုပ်လက်မဲ့ဖြစ်ခြင်းက တော့ စိုးရိမ်စရာကောင်းတဲ့အနေအထားဖြစ်ပြီးတော့ တတ်မြောက်ထားတဲ့သက်မွေးပညာများဖြင့် လုပ်ငန်းလိုအပ်ချက်မကိုက်ညီတဲ့အနေအထားကို ပြနေတာဖြစ်ပါတယ်။ တနည်းအားဖြင့်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးစနစ်နဲ့ သက်မွေးပညာသင်ကျောင်းတွေရဲ့အားနည်းချက်တွေကို ဖော်ပြ နေတာဖြစ်ပါတယ်ခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့အကြောင်းအရာတွေကတော့ အလုပ်လက်မဲ့ ပြဿနာဖြစ်ပေါ်စေတဲ့အချက်များ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းဖို့ဆိုလို့ရှိရင်တော့ ရှင်းလင်းတိကျတဲ့ မူဝါဒတွေ၊ လုပ်သာကိုင်သာရှိတဲ့ဥပဒေ၊ နည်းဥပဒေတွေဖန်တီးရေးဆွဲပေးဖို့အပြင် ဖြစ်ပေါ်လာမယ့် အလုပ်အကိုင်အခွင့်အလမ်းသစ်များနဲ့ကိုက်ညီမယ့် ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများ မွေးထုတ်

ပေးရန်လည်း လိုအပ်ပါတယ်။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာမှာ လွယ်ကူရှင်းလင်းတဲ့ လုပ်ငန်းစဉ်ရှိဖို့လည်း လိုအပ်ပါတယ်။ ကမ္ဘာ့ဘဏ်ကထုတ်ပြန်ထားတဲ့ Ease of Doing Business Index လို့ခေါ် တဲ့ အညွှန်းကိန်းတစ်ခုမှာ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံပေါင်း ၁၉၀ မှာ အဆင့်(၁၇၀) ဖြစ်နေတာတွေ့ရ ပါတယ်။ ဒါဟာ စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ဆောင်ရာမှာ အင်မတန်မှ ခက်ခဲနေတယ်ဆိုတာကို ပြနေတာဖြစ်ပါတယ်ခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရာမှာ လွယ်ကူစွာ လုပ်ကိုင်နိုင်မှသာ ကဏ္ဍပေါင်းစုံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များလည်း ပေါ်ပေါက်လာနိုင်မှာဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော် အစိုးရကနေပြီးတော့ ထုတ်ပြန်ထားတဲ့စီးပွားရေးမူဝါဒ ၁၂ ချက်ကို လေ့လာကြည့်တဲ့အခါမှာလည်း အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးဖို့ စီးပွားရေးမူဝါဒထဲမှာ ထည့်သွင်းရေးဆွဲထားတာကို တွေ့ရတဲ့ အတွက် ကောင်းမွန်သောအခြေအနေတစ်ရပ်ကို ဖန်တီးနိုင်လိမ့်မယ်လို့တော့ ယုံကြည်မျှော်လင့်မိပါ တယ်ခင်ဗျား။

ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ငွေရေးကြေးရေးဥပဒေ စတဲ့အရေးကြီးတဲ့ဥပဒေများကို ပြဋ္ဌာန်း ထားပြီးဖြစ်တယ်ဆိုတာကိုလည်း တွေ့မြင်ရပါတယ်။ ဒါတင်မကသေးဘဲနဲ့ အသေးစား၊ အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ဖို့အတွက် SMEs Law ကိုပြဋ္ဌာန်းပေးထားတာကိုလည်း တွေ့ရပါတယ်။ သို့သော်လည်းပဲ ဒီဥပဒေများဟာ အသက်ဝင်ဖို့နဲ့ လုပ်သာကိုင်သာရှိဖို့၊ နှစ်ဦးနှစ်ဘက်မျှတဖို့လည်း လိုအပ်လှပါတယ်။ ဒါမှသာ ပြည်တွင်းပြည်ပအကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လာမှာ ဖြစ် ပြီးတော့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များလည်း ဖန်တီးလာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စွန့်ဦးတီထွင်လုပ်ငန်းများကို လည်း မြေတောင်မြှောက်ပေးဖို့လိုအပ်ပါတယ်။ ၎င်းတို့လိုအပ်နေတဲ့ နည်းပညာ၊ အရင်းအနှီးစတာတွေ လည်း ပံ့ပိုးကူညီပေးဖို့ လိုအပ်ပါတယ်ခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့အချက်တွေသာမကဘဲနဲ့ ချေးငွေ လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းစတာတွေအပြင် အခြေခံအဆောက်အအုံလည်း ကောင်းမွန် ဖို့အတွက် လုပ်ဆောင်ရမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြခဲ့တဲ့အချက်တွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မှ သာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လာမှာဖြစ်ပြီးတော့ အလုပ်အကိုင်အခွင့် အလမ်းအသစ်များ ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင်မရရှိမှုကို ဖြေရှင်းနိုင်မှာဖြစ်ပါ တယ်ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အလုပ်လက်မဲ့များပြားခြင်းဟာ နိုင်ငံအတွင်းမှာရှိတဲ့ လုပ်သားတွေရဲ့

စွမ်းအားကို အပြည့်အဝအသုံးမချနိုင်တဲ့အတွက် နိုင်ငံ့စီးပွားရေးကိုလည်း ထိခိုက်စေပါတယ်။ ဒါ့အပြင် တစ်ဦးချင်းရဲ့လူမှုရေး၊ စီးပွားရေးများကိုလည်း ထိခိုက်စေနိုင်တဲ့အတွက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို တင်သွင်းတဲ့ နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး၊ နိုင်ငံတော် အစိုးရမှ စနစ်တကျစီမံကိန်းချအကောင်အထည်ဖော်ဆောင်ရွက်ရေးတိုက်တွန်းကြောင်းအဆိုကို အကြံ ပြုဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့အဆိုနှင့်စပ်လျဉ်းပြီး ထောက်ခံ အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်လက်မဲ့ ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းရေးကို ပြည်သူ့အစိုးရမှ စနစ်တကျအကောင်အထည် ဖော်ဆောင်ရွက်နေသည်မှာ သိသာထင်ရှားပါတယ်။ အလုပ်လက်မဲ့နှုန်းလျော့နည်းကျဆင်းရေး အကောင်အထည် ဖော်ဆောင်ရွက်ရာမှာ ပြည်သူတို့ရဲ့မှန်ကန်တဲ့လက်ရှိအလုပ်အကိုင်များ ဆုံးရှုံး ပျက်စီးမှုမရှိရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံဖော်ဆောင်ပေးရန်တို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံဖော်ဆောင်ပေးခြင်းဟာ နိုင်ငံရဲ့ပြည်တွင်း ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စဉ်ဆက်မပြတ်တိုးတက်မှုရှိတဲ့စီးပွားရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်ပြည့်ဝတဲ့လူသား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများရဲ့ကျန်းမာရေး၊ ပညာရေး၊ ခေတ်စနစ်နဲ့လိုက်လျော ညီထွေတဲ့ဥပဒေများ ထွန်းကားရေး၊ မှန်ကန်မျှတတဲ့တရားစီရင်ရေး စတာတွေနဲ့လည်း တိုက်ရိုက် သက်ဆိုင်နေပါတယ်။ နိုင်ငံတော်ရဲ့ကဏ္ဍအားလုံး အထူးသဖြင့် စီးပွားရေးမှန်ကန်စွာဖွံ့ဖြိုး တိုးတက်မှ သာ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဟာ ပြည်သူ ကိုဗဟိုပြုပြီးတော့ အားလုံးပါဝင်နိုင်တဲ့ စဉ်ဆက်မပြတ်တိုးတက်မှုရှိတဲ့နိုင်ငံတော်ရဲ့ စီးပွားရေး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီးတော့ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ(၁၂)ရပ်ကိုချမှတ် ကာ ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာစေခြင်း၊ အလုပ်အကိုင်ရရှိရေးနဲ့ အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း၊ စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်း

မူကြမ်း

အမြစ်များ ဖွံ့ဖြိုးလာစေခြင်း၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးစေခြင်း၊ လယ်ယာကဏ္ဍ၊ မွေးမြူရေး ကဏ္ဍနှင့် စက်မှုကဏ္ဍများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေခြင်း၊ ငွေကြေးစနစ်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ မျှတသောအခွန်စနစ် ထူထောင်၍ ပြည်သူများရဲ့ အခွင့်အရေးနဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေနှင့်အညီ အကာအကွယ် ပေးခြင်း၊ တီထွင်ဆန်းသစ်မှုနဲ့ ကြိုးပမ်းအားထုတ်မှုများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်သောစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း စတာတွေကို ဆောင်ရွက်လျက်ရှိပါ တယ်။ ပြည်သူ့ဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုများ အားကောင်းစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများ တိုးမြှင့် ခန့်အပ်မှုများလည်း ရှိနေပါတယ်။ ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မဟာဗျူဟာ များရေးဆွဲအကောင်အထည်ဖော်နေသလို နှစ်လတ်စီမံကိန်းများလည်း ချမှတ်အကောင်အထည်ဖော် နေမှုများရှိနေပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မှန်ကန်သောလက်ရှိအလုပ်အကိုင်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနဲ့ပတ်သက်ပြီးတော့ စပါးအပါအဝင် သီးနှံဈေးနှုန်းများ ကျဆင်းနေခြင်း ကြောင့် တောင်သူတွေရဲ့ဝင်ငွေပေါ်မှာ ထိခိုက်မှုတွေရှိနေပြီးတော့ ကွင်းဆက်တစ်လျှောက်မှာရှိတဲ့ လုပ်ကိုင်သူများအပေါ်မှာ သက်ရောက်မှုတွေရှိနေပါတယ်။ ဈေးကွက်ရှာဖွေတိုးချဲ့ရေးနဲ့ တန်ဖိုး ကွင်းဆက်တစ်လျှောက် မျှတသောအကျိုးခံစားခွင့်အာမခံနိုင်ရေးအတွက် အမြန်ဆုံးဖြေရှင်းပေးရန် လိုအပ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးတဲ့ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီးတော့ တီထွင်ဆန်းသစ်မှုနဲ့ ကြိုးပမ်းအားထုတ်မှုရလဒ်ကောင်းများ ဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များတိုးချဲ့ဖွင့်လှစ်ပြီးတော့ သင်တန်းသားများတိုးမြှင့်ခေါ်ယူရန် လိုအပ်ပါတယ်။ နိုင်ငံတော် ရဲ့ဘဏ္ဍာငွေမှာ အကန့်အသတ်များရှိနေတဲ့အတွက် အချို့ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များအား စိုက်ပျိုးရေး နှင့် မွေးမြူရေးဆိုင်ရာတက္ကသိုလ်များအဖြစ် ပြောင်းလဲဖွင့်လှစ်သင့်ပါတယ်။ အချို့စိုက်သိပ္ပံများအား ကောလိပ် သို့မဟုတ် တက္ကသိုလ်များအဖြစ် တိုးမြှင့်ဖွင့်လှစ်သင့်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ ဈေးကွက်နှင့် ချေးငွေအထောက်အပံ့တို့ကို နိုင်ငံတော်မှဖန်တီးပေးရန် လိုအပ်ပြီးတော့ သိမ်းဆည်းခံမြေများနှင့်ပတ်သက်လို့ ထိထိရောက်ရောက် အမြန်ဆုံးဖြေရှင်းပေးရန်နှင့် တောင်သူများအားမြေယာလုပ်ပိုင်ခွင့်ခိုင်မာရေးတို့ကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါတယ်။ မြေကွက်များရယူထားပြီးတော့ အကောင်အထည်မဖော်ဖြစ်သော

မူကြမ်း

စက်မှုဇုန်များ။ ဥပမာ-ဒက္ခိဏသီရိ၊ အသေးစားနှင့်အလတ်စားစက်မှုဇုန်တို့အပေါ် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ရန်နှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ကူညီပံ့ပိုးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများဖော်ဆောင်ပေးရန်လိုအပ်ပြီး ကျွမ်းကျင်လုပ်သားများ စနစ်တကျလေ့ကျင့်ပျိုးထောင်နိုင်ရေးအတွက် သက်မွေးပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန်နဲ့ စက်မှု သင်တန်းကျောင်းများ အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါတယ်။ တရားမဝင်ကုန်သွယ်မှုပပျောက်ရန် လိုအပ်ပြီးတော့ လယ်ယာမြေအသေးစားနှင့် အလတ်စားလုပ်ငန်းများမှ စားသုံးသူထံအရောက် ဈေးကွက်ချိတ်ဆက်ပြီး တန်ဖိုးမြင့်ကွင်းဆက်အားလုံး ဖွံ့ဖြိုးရေးဈေးကွက်၏အခြေခံအဆောက်အအုံ တွေဖြစ်တဲ့ ကျေးလက်လမ်းများ၊ လျှပ်စစ်မီး၊ ကုန်သွယ်ရေးစခန်းနှင့် သိုလှောင်ခန်းများ ဖွံ့ဖြိုးတိုးတက် ရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါတယ်။ အလုပ်လက်မဲ့ပြဿနာများ တဖြည်း ဖြည်းလျော့နည်းကျဆင်းရေးကို ပြည်သူ့အစိုးရမှ စနစ်တကျဆောင်ရွက်နေသည်မှာ သိသာသော် လည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်များအပေါ် အလေးထားဆောင်ရွက်ရန် အကြံပြု ရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်အားလုံး ကိုယ်စိတ်နှလုံး အေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးပါ။ ဦးခင်ချိုရဲ့အဆိုကို ဆွေးနွေး ရာမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် နိုင်ငံတော်အစိုးရဘက်က ဆောင်ရွက်သင့်တဲ့အပိုင်းကို ဦးစွာဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်အကိုင်အခွင့်အလမ်းဟာ ရင်းနှီးမြှုပ်နှံမှု (Investment)များနှင့် ဆက်ဆိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုမှာ ပြည်ပရင်းနှီးမြှုပ်နှံမှု Foreign Direct Investment (FDI) ကအရေးကြီးပါတယ်။ လက်ရှိနိုင်ငံတော်မှာ FDI တွေကို တွေဝေသွားစေနိုင်မယ့် ကိစ္စတွေ၊ တွန့်ဆုတ်သွားစေမယ့် အခြေအနေတွေရှိ/မရှိသေချာစွာ ဆင်ခြင်သုံးသပ်လုပ်ဆောင်ဖို့လိုပါ တယ်။ မြန်မာနိုင်ငံကိုလာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် နှစ်လိုဖွယ်ဖြစ်တဲ့ ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးပေးဖို့အရေးကြီးပါတယ်။ ဒီနေရာမှာ မူဝါဒတွေ ပြည့်စုံခိုင်မာဖို့၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းဖို့၊ တရားဥပဒေစိုးမိုးဖို့၊ အဂတိလိုက်စားမှု(Corruption)မရှိဖို့၊ အလုပ်သမားတွေက ကြိုးစား ပြီးတော့ စည်းကမ်းစနစ်ကျ လိုက်ပါဆောင်ရွက်တတ်အောင် ကြိုးစားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကလည်း သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့ လိုက်နာဖို့လိုပါတယ်။ ဥပမာအားဖြင့် အလုပ်သမားခန့်ထားရေးနှင့်ပတ်သက်ပြီးတော့ ပြည်ပလုပ်သားဟာ ပထမနှစ်မှာ ၇၅

ရာခိုင်နှုန်း၊ ဒုတိယနှစ်မှာ ၅၀ ရာခိုင်နှုန်း၊ တတိယနှစ်မှာ ၂၅ ရာခိုင်နှုန်းသာ ခန့်နိုင်တဲ့အတွက် ဒီတိုင်း လိုက်နာဖို့လိုအပ်ပါတယ်။ ဒီတိုင်းလိုက်နာခန့်ထားလို့ရှိရင် နှစ်တိုအတွင်းမှာ ပြည်တွင်းလုပ်သားတွေ ဟာ စွမ်းရည်မြင့်မားလာပြီးတော့ Job Opportunity တိုးတက်လာမှာဖြစ်ပါတယ်။ FDI တွေမှာလည်း ပဲ ဦးစားပေးဖိတ်ခေါ်သင့်တာကတော့ အလုပ်အကိုင်အခွင့်အလမ်းများတဲ့ Labor Intensive လုပ်ငန်း တွေပဲဖြစ်ပါတယ်။ အပ်ကုန် ထုတ်လုပ်မှုမျိုးဖြစ်တဲ့ CMP Industry တွေကိုလည်း ဦးစားပေးလက်ခံဖို့ လိုပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ CMP လုပ်ငန်းတွေကနေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံလောက် Export လုပ်နိုင်တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီအချက်တွေဟာ သိရှိပြီးသား FDI တွေကိုလည်းပဲ ပြန်လည်လေ့လာသုံးသပ်ဖို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုကတော့ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုအပိုင်းပါ။ ပြည်တွင်းလုပ်ငန်းရှင်တွေကို ပြည်ပရင်းနှီးမြှုပ်နှံသူတွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် နိုင်ငံတော်က ကူညီပေးဖို့လိုပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေမှာ အဓိကလိုအပ်တာက အရင်းအနှီး၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သားနှင့် ဈေးကွက်တွေပဲဖြစ်ပါတယ်။ အရင်းအနှီးမှာ အဓိကက ဘဏ်နဲ့ချိတ်ဆက်ပြီး ချေးငွေရယူဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်တွင်းဘဏ်တွေရဲ့ ချေးငွေအတိုးနှုန်းက ၁၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ FDI တွေက ပြည်ပဘဏ်တွေကအတိုးနှုန်း ၂.၅ လောက်နဲ့ရတဲ့အတွက် အမြတ် နည်းတဲ့လုပ်ငန်းတွေ Profit Margin ကျင်းတဲ့လုပ်ငန်းတွေကို ပြည်တွင်းလုပ်ငန်းရှင်တွေလုပ်ဖို့ ခက်ခဲ လာမှာဖြစ်ပါတယ်။ လုပ်ပြန်ရင်လည်းပဲ FDI တွေနဲ့မယှဉ်ပြိုင်နိုင်တဲ့အတွက် ရေရှည်မှာပြိုလဲသွားနိုင်ပါ တယ်။ ဒါကြောင့် ချေးငွေနဲ့အတိုးနှုန်းကို သုံးသပ်ဆောင်ရွက်ဖို့လိုအပ်ပြီလို့ တင်ပြလိုပါတယ်။ တစ်ဖက် ကလည်း နည်းပညာပါ။ ကျွန်တော်တို့နိမ့်ကျနေတာရှိပါတယ်။ ဒီနည်းပညာလည်းသင်ယူဖို့ ကျွမ်းကျင် လုပ်သားတွေ မွေးထုတ်ဖို့ အစိုးရကပဲဖန်တီးပေးရမှာပါ။ အာဆီယံနိုင်ငံအတွင်းမှာ အာဆီယံ Standard နဲ့ ကျွမ်းကျင်လုပ်သားတွေ သတ်မှတ်ထားတာရှိပါတယ်။ ဒီအတိုင်း အသက်မွေးပညာ သင်နိုင်အောင် Vocational Training တွေများများလုပ်ပေးဖို့လိုအပ်ပါတယ်။ ဈေးကွက်ကိစ္စကလည်းပဲ နိုင်ငံတော်ကပဲ အထူးပံ့ပိုးကူညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအတွက် အဖွဲ့အစည်းထားတဲ့ UMFCCI, SME Development Centre တို့ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်မှာ အလုပ်သမားကိစ္စနဲ့ပတ်သက်ပြီး အလုပ်သမားတွေမှတ်ပုံတင်ကိစ္စ၊ အလုပ်သမားအခွင့်အရေး၊ ဒါတွေ မျှတခိုင်မာပြီး အဆင်ပြေအောင်ဆောင်ရွက်ကြရပါမယ်။ ပြဿနာတစ်ရပ်ဖြစ်ပေါ်လာတိုင်း ဆန္ဒပြတဲ့ နည်းလမ်းကို ရှောင်ရှားနိုင်ဖို့ အလုပ်သမားအခွင့်အရေးနဲ့ပတ်သက်ပြီး အပြည့်အဝရရှိအောင်

မူကြမ်း

စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ပြီး ဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်တာဟာ အကောင်းဆုံးဖြစ်မယ်လို့ အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကို ပိုမိုအကျိုးဖြစ်ထွန်းစေဖို့အတွက် ကျွန်တော်ခုနတင်ပြခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ Export Oriented ဖြစ်အောင် ပို့ကုန်ထုတ်လုပ်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်စေချင်ပါတယ်။ Export များများလုပ်နိုင်မှ တိုင်းပြည်ဝင်ငွေတိုးမယ်။ ဝင်ငွေတိုးလာမှ အလုပ်သမားတွေလည်း လုပ်ခလစာတိုးမြင့်လာမယ်။ တိုင်းပြည်လည်း ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် Export လုပ်ရင် အခွန်မကောက်ဘဲနဲ့ နိုင်ငံတော်ကတောင် ပံ့ပိုးကူညီတယ်လို့ သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံလည်း ဒီလိုစနစ်တွေ ကျင့်သုံးဖို့လိုအပ်ရင် စဉ်းစားဖို့သင့်ပါတယ်။ ဆက်စပ်စဉ်းစားပေးရမယ့်တစ်ခုကတော့ Under Employment ကိစ္စပါ။ အလုပ်ရှိပင်ရှိငြားသော်လည်း တတ်မြောက်ထားတဲ့ပညာနဲ့ မသက်ဆိုင်တဲ့အလုပ်တွေကို လုပ်နေရတဲ့သူတွေပါ။ ဒီလုပ်သားတွေဟာ နိုင်ငံတော်မှာ တော်တော်များများရှိပါတယ်။ ဒါတွေဟာလည်းပဲ မသင်ရတဲ့၊ မကျွမ်းကျင်တဲ့အလုပ်တွေကို လုပ်နေတာဖြစ်တဲ့အတွက် အလုပ်မမြဲပါဘူး။ အလုပ်လက်မဲ့ဖြစ်စေပါတယ်။ တိုင်းပြည်အတွက်လည်း အကျိုးဖြစ်ထွန်းမှုနည်းပါတယ်။ ဒါကြောင့် Under Employment ကိစ္စကို လျှော့ချဖို့ လိုအပ်ပါတယ်။ ဒီလိုအပ်ချက်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေက မိမိတို့နဲ့ဆက်နွယ်နေတဲ့ ရင်းနှီးမြှုပ်နှံမှုများနဲ့ လုပ်ငန်းအသီးသီးရဲ့ လုပ်အား၊ ပညာရပ်အမျိုးအစားအလိုက် လိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနနဲ့ညှိနှိုင်းရပါမယ်။ ပညာရေးဝန်ကြီးဌာနကလည်း ကျောင်းသင်ခန်းစာ၌ အဓိကဘာသာရပ်အလိုက် လိုအပ်ချက်ကို လက်ခံမွေးထုတ်ပေးပြီးတော့ Market Driven ဖြစ်အောင် ချိန်ဆလုပ်ကိုင်တဲ့ အစီအစဉ်မျိုး ချမှတ်သင့်ပါပြီ။ ဒါကို အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(National Comprehensive Development Plan)မျိုးမှာ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမယ်ဆိုရင် အလုပ်လက်မဲ့လျော့ပါးသွားမယ့်အပြင် နိုင်ငံတော်မှာ လုံလောက်တဲ့အင်အားနဲ့ ထိရောက်တဲ့ဝန်ဆောင်မှုတွေကို ပေးနိုင်မှာပါ။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ အလုပ်လက်မဲ့ပြဿနာဖြစ်ပေါ်ရတဲ့အကြောင်းရင်းများစွာနဲ့ ဖြစ်နိုင်ခြေငါးချက်ကိုတင်ပြပါမယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒီ ငါးချက်မှာ အပေါ်နှစ်ချက်က အစိုးရနှင့်လုပ်ငန်းရှင်ကြောင့် ဖြစ်ပါတယ်။ အလယ်တစ်ချက်ကတော့ အားလုံးနဲ့ဆိုင်ပါတယ်။ ကျန်နှစ်ချက်ကတော့ အလုပ်လုပ်နိုင်သူတွေကြောင့် ဖြစ်ပါတယ်။ ဒီအချက်တွေထဲမှာ အလုပ်လုပ်နိုင်သူအပိုင်းကို ကျွန်တော် မဆွေးနွေးခဲ့ပါဘူး။ အဆိုရှင်ရဲ့ အဆိုအရ အစိုးရနဲ့လုပ်ငန်းရှင်တို့အပိုင်းကိုပဲ ကျွန်တော်တင်ပြခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီး ILO

စာရင်းအရ အာဆီယံနိုင်ငံတွေရဲ့ အလုပ်လက်မဲ့စာရင်းကိုကြည့်ရင် မြန်မာနိုင်ငံရဲ့ အလုပ်လက်မဲ့ဟာ ယခင်က ၄.၂ ရာခိုင်နှုန်းကနေ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းလာခဲ့တဲ့နှစ်ကာလတစ်လျှောက်မှာ တဖြည်းဖြည်း အလုပ်လက်မဲ့နှုန်းမြင့်မားလာပြီး ၄.၇ ရာခိုင်နှုန်းအထိ ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကို အဖြေရှာကြဖို့ တင်ပြလိုပါတယ်။ ဒီအဖြေကို အလုပ်လက်မဲ့ဖြစ်စေတဲ့ ကျန်တဲ့အချက်တွေနဲ့ ဆက်စပ်သုံးသပ်ပြီးတော့ ကျွန်တော်တို့နိုင်ငံတော်ကြီး အေးချမ်းသာယာပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အားလုံးပါဝင်ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းရင်း ကျွန်တော်နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးပေါလ်ဆိုင်း(ဒီးမော့ဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်းဖြစ်ပါတယ်။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုတင်သွင်းတဲ့ နိုင်ငံတော်အလုပ်လက်မဲ့ ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အလုပ်လက်မဲ့ပြဿနာဟာ ယနေ့နိုင်ငံတကာမှာ အရေးတကြီးကြုံတွေ့ရတဲ့ စိန်ခေါ်မှုတစ်ရပ်ပါ။ ကမ္ဘာပေါ်မှာ အလုပ်လက်မဲ့အများဆုံး ၂၅ နိုင်ငံအနက် ဇင်ဘာဘွေနိုင်ငံဟာ ၉၅ ရာခိုင်နှုန်းနှင့် အမြင့်ဆုံးဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံကတော့ ၃.၅ ရာခိုင်နှုန်းနှင့် အလုပ်လက်မဲ့အနည်းဆုံးနိုင်ငံဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ၁၀ နိုင်ငံအနက် လန်ဒန်ဟာ ထိပ်ဆုံးမှာရပ်တည်နေပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ဟာ အလုပ်လက်မဲ့ပြဿနာအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ၁၉၄၀ ခုနှစ်မှ ၁၉၅၀ ခုနှစ် ကျော်ကာလများမှာ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ဟာ အကောင်းဆုံးဖြစ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးနောက် ကျောင်းသားလှုပ်ရှားမှုများနှင့်အတူ တက္ကသိုလ်များ၊ ကျောင်းများပိတ်လိုက်ပြီးနောက် မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ဟာ ၁၇၉ နိုင်ငံမှာ အဆင့်(၁၂၀)အထိ လျော့ကျသွားခဲ့ပါသည်။ ပညာရေးစနစ်နိမ့်ကျမှုနှင့်အတူ ဘွဲ့ရပြီးကုန်ထမ်းနေရသူတွေ၊ ဘွဲ့ရပြီးကွမ်းယာရောင်းနေရသူတွေ၊

ဆိုက်ကားနင်းနေရသူတွေ ပေါ်များလာခဲ့ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်အကိုင်ရှားပါးမှုသင်္ကေတတွေပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအလုပ်လက်မဲ့ဦးရေဟာ အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း ၄.၁ ရာခိုင်နှုန်းရှိပြီး အသက်(၁၅)နှစ်မှ(၂၉)နှစ်အတွင်း အလုပ်လက်မဲ့ဦးရေဟာ ၇.၇ ရာခိုင်နှုန်းရှိကြောင်းကို သိရှိရပါတယ်။ အလုပ်လက်မဲ့ပြဿနာဟာ ရာဇဝတ်မှုထူပြောခြင်း၊ ဆင်းရဲမွဲတေခြင်းတို့လည်း ဆက်စပ်လျက်ရှိနေပါတယ်။ ဒါကြောင့် အလုပ်လက်မဲ့ပြဿနာကို တဖြည်းဖြည်းလျှော့ချရေးဟာ အရေးကြီးတဲ့ကိစ္စတစ်ရပ်ပါ။ အလုပ်လက်မဲ့ပြဿနာလျှော့ချရေးအတွက် နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးဖို့လိုပါတယ်။ ဒီလိုတိုးတက်ဖို့ နိုင်ငံတော်မှ အရင်းအနှီး၊ နည်းပညာ၊ နည်းဥပဒေ၊ ပံ့ပိုးကူညီမှုတွေ၊ ထောက်ပံ့ကူညီမှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ Infrastructure တွေ အားကောင်းခိုင်မာရပါမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာဖို့ စီးပွားရေးအခွင့်အလမ်းတွေ၊ စီးပွားရေးမက်လုံးတွေဖြင့် ဆွဲဆောင်ရပါမယ်။ အဲဒါမှ နိုင်ငံရေး၊ စီးပွားရေးနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး အလုပ်လက်မဲ့ လျှော့ချစေနိုင်မှာပါ။ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းတွေ၊ စက်မှုလက်မှုပညာသင်တန်းတွေ၊ ကျွမ်းကျင်သောလုပ်သားတွေ ဖွင့်လှစ်သင်ကြားမွေးထုတ်ပေးရပါမယ်။ အလုပ်အကိုင်နဲ့ပတ်သက်ပြီး ပြည်တွင်းမှာသာမက ပြည်ပအလုပ်အကိုင်များကိုလည်း တိုင်းပြည်ရဲ့ဝင်ငွေတိုးတက်စေပါတယ်။ ကမ္ဘာ့သင်္ဘောသားလောကမှာ ဖိလစ်ပိုင်လူမျိုးတွေဟာ အများဆုံးဖြစ်ပြီး ကမ္ဘာ့အိမ်ဖော်လောကမှာ ဖိလစ်ပိုင်အမျိုးသမီးတွေဟာ အများဆုံးနဲ့ နိုင်ငံခြားဝင်ငွေများစွာရရှိခဲ့ပါတယ်။ ဒါကြောင့် မိမိနိုင်ငံသားတွေကို စနစ်တကျ ကျွမ်းကျင်ပညာတွေသင်ကြား၊ Certificate တွေ ထုတ်ပေးပြီး နိုင်ငံတကာအလုပ်သမား စည်းမျဉ်းစည်းကမ်းနှင့်အညီ အလုပ်အကိုင်ရှာဖွေခြင်းဖြင့်လည်း အလုပ်လက်မဲ့ဦးရေလျှော့ချစေပြီး တိုင်းပြည်ဝင်ငွေတိုးတက်စေပါတယ်။ နိဂုံးချုပ်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၁ မှာပါတဲ့ နိုင်ငံတော်သည် ပြည်သူများ၏အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်မည်ဟုဆိုသည့်အတိုင်း နိုင်ငံတော်၏အလုပ်လက်မဲ့ ပြဿနာများလျှော့ချစေပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ

ဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်ကြပါစို့လို့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်မှ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ ဒီအဆိုဟာ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေမှာ အမှန်တကယ်ဖြေရှင်းဆောင်ရွက်ပေးဖို့ လိုအပ်နေတဲ့ကိစ္စဖြစ်ပြီးတော့ အလွန်ကျယ်ပြန့်တဲ့ ကဏ္ဍလည်းဖြစ်ပါတယ်။ အဆိုရှင်က မြန်မာနိုင်ငံအတွင်းမှာ အလုပ်အကိုင်ရှားပါးမှုနဲ့ ဝင်ငွေထွက်ငွေမျှတမှုမရှိတဲ့အခြေအနေတွေကြောင့် မြန်မာနိုင်ငံဒေသအသီးသီးမှာရှိတဲ့လူတွေဟာ အိမ်နီးချင်းနိုင်ငံများနှင့် အခြားတိုးတက်ပြီးနိုင်ငံတွေမှာ တရားဝင်ရော၊ တရားမဝင်ရော နေ့စဉ်နှင့်အမျှထွက်ခွာနေကြောင်း ဖော်ပြထားပါတယ်။ ဒီလိုနိုင်ငံခြားမှာ သွားရောက်နေထိုင်သူများကို လေ့လာဆန်းစစ်တဲ့အခါမှာလည်း အားလုံးနီးပါးဟာ အလုပ်အကိုင်အတွက် သွားရောက်သူများဖြစ်ပြီးတော့ လူနည်းစုရာခိုင်နှုန်းအားဖြင့် တစ်ရာခိုင်နှုန်း လောက်သာ မိသားစုနဲ့အတူ လိုက်ပါနေထိုင်သူများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီအခြေအနေဟာ လက်ရှိမြန်မာနိုင်ငံမှာ အလုပ်လက်မဲ့ပြဿနာရှိနေတယ်ဆိုတာ ဖော်ပြနေပါတယ်။ ပြည်ပကို ထွက်ခွာနေတဲ့အကြောင်းအရင်းတွေထဲမှာ အလုပ်အကိုင်မရှိတာတွေအပြင် အလုပ်အကိုင်ရှိသော်လည်း လုံလောက်မှုမရှိတာ၊ တွက်ခြေမကိုက်တာတွေလည်း ပါဝင်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဖော်ပြတဲ့ အလုပ်လက်မဲ့ပြဿနာလျော့နည်းကျဆင်းရေးဆိုတာဟာ တစ်ဖက်မှာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးဆိုတဲ့စကားနဲ့ တိုက်ရိုက်အပြန်အလှန်ဆက်စပ်နေပါတယ်။ ဆိုလိုတာကတော့ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှ အလုပ်အကိုင်အခွင့်အလမ်း ပြဿနာတွေလျော့နည်းကျဆင်းမှာဖြစ်ပါတယ်။ နောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းလို့ပြောတဲ့ အခါမှာ ကျွန်တော်တို့ စောစောကဖော်ပြခဲ့သလို အင်မတန်မှကျယ်ပြန့်တဲ့ကဏ္ဍဖြစ်တဲ့အတွက်

ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံကျတဲ့ကဏ္ဍ ပိုမိုလွှမ်းခြုံနိုင်မယ့်လုပ်ငန်းကဏ္ဍတွေကို စဉ်းစားဖို့လိုမယ်လို့ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ GDP ရဲ့ ၂၅ ရာခိုင်နှုန်းကျော် ထုတ်လုပ်နေပြီးတော့ Export စုစုပေါင်းရဲ့ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကြားရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် လုပ်သားအင်အား ၆၅ ရာခိုင်နှုန်းကို အလုပ်ပေးတဲ့ကဏ္ဍကြီးဖြစ်ပြီးတော့ အမျိုးသမီးများကို အလုပ်အကိုင်ဖန်တီးအပေးနိုင်ဆုံးကဏ္ဍလည်းဖြစ်ကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ မြေနှင့်ရေအရင်းအနှီးတွေ၊ လုပ်သားအင်အားတွေ ကျယ်ပြန့်တဲ့စျေးကွက်တွေရှိနေပါတယ်။ သို့သော် စိုက်ပျိုးရေးကဏ္ဍမှာ နည်းပညာအရရော၊ ကုန်ထုတ်စွမ်းအားအရပါ အိမ်နီးချင်းနိုင်ငံတွေကို မယှဉ်နိုင်ဘဲရှိနေတာကို တွေ့ရပါတယ်။ တောင်သူလယ်သမားတွေရဲ့ ကုန်ထုတ်စွမ်းအားဟာလည်း နိမ့်ကျပြီးတော့ စီးပွားရေးတွက်ခြေမကိုက်ဖြစ်နေတဲ့အတွက်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ်မှာ စိတ်ဝင်စားမှုနည်းပါးနေကြောင်း သုံးသပ်မိပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ လက်ရှိစိုက်ပျိုးရေးကိုပုံစံပြောင်းပြီးတော့ ခေတ်မီစိုက်ပျိုးရေးနည်းပညာအားဖြင့် စနစ်တကျမြှင့်တင်ဆောင်ရွက်ပေးဖို့လိုအပ်နေပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်များကိုလည်း အဆင့်မြှင့်တင်ပြုပြင်ရောင်းချနိုင်အောင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် ရေနှင့်မြေအရင်းအမြစ်တွေ၊ လုပ်အားတွေ ကျယ်ပြန့်တဲ့ စျေးကွက်တွေရှိနေတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကို ပိုမိုအကျိုးဖြစ်ထွန်းအောင် ခေတ်မီနည်းပညာများဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးမယ်ဆိုရင် စိုက်ပျိုးရေးလုပ်ငန်းအပေါ် လူတွေပိုမိုစိတ်ဝင်စားလာမှာဖြစ်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် လွှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုကို ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးခင်ချို လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်လည်ရှင်းလင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ အပြုသဘောနှင့်ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

အစိုးရအနေနဲ့ အလုပ်လက်မဲ့ပြဿနာများလျော့နည်းရေးနှင့်ပတ်သက်ပြီးတော့ တိုက်ရိုက်နည်းနှင့် ဆောင်ရွက်နေတာရှိသလို၊ သွယ်ဝိုက်သောနည်းအားဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုက်ရိုက်နည်းကတော့ ကျွန်တော်တို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေနဲ့ အမြဲတမ်း ဝန်ထမ်းတွေ၊ နေ့စားဝန်ထမ်းတွေခန့်အပ်ပြီးတော့ လုပ်ငန်းများဆောင်ရွက်ကြရပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ဖွဲ့စည်းပုံအသစ်ခွင့်ပြုလို့ဖြစ်စေ၊ တိုးချဲ့ပြင်ဆင်လို့ဖြစ်စေ၊ ဖွဲ့စည်းပုံအတွင်းမှာ လစ်လပ်နေရာများပေါ်ပေါက်လို့ဖြစ်စေ၊ ပြင်ပကနေအလုပ်အကိုင်များ ခေါ်ယူခန့်ထားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ အချို့ဌာနများမှာဆိုရင် လုပ်ငန်းလိုအပ်ချက်အရ ပုတ်ပြတ်စနစ်နဲ့ အချိန်ပိုင်းစနစ်နဲ့ ခန့်ထားဆောင်ရွက်ရခြင်းများလည်းရှိပါတယ်။ သို့ပါ၍ အစိုးရအပိုင်းက အလုပ်နေရာဖန်တီးပေးခြင်းများကို တိုက်ရိုက်ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ သို့ပါသော်လည်း အစိုးရအလုပ်နေရာများဟာ အကန့်အသတ်ဖြင့်သာရှိတဲ့အတွက် အဆိုရှင်ဆွေးနွေးသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်း၊ မိသားစုလုပ်ငန်းစသည်တို့မှာ အလုပ်အကိုင်နေရာများဖန်တီးပေးနိုင်မှုကသာ အလုပ်လက်မဲ့ပြဿနာကို လျော့နည်းစေမှာဖြစ်တဲ့အတွက် အစိုးရအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာစေဖို့အတွက်လည်း သွယ်ဝိုက်သောနည်းများဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိတာကို တင်ပြလိုပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၆ ခုနှစ်မှာ စီးပွားရေးမူဝါဒ(၁၂)ရပ်ကိုချမှတ်ခဲ့ပါတယ်။ စီးပွားရေးမူဝါဒကို အထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကိုလည်း ချမှတ်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒများအရ နိုင်ငံတော်က အားပေးကြိုဆိုတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အလုပ်အကိုင်အခွင့်အလမ်း များစွာဖန်တီးပေးနိုင်ပြီးတော့ ကျွမ်းကျင်မှုမြင့်မားတိုးပွားရေးအတွက် အထောက်အကူပြုတဲ့ အသက်မွေးဝမ်းကျောင်းပညာများ၊ လေ့ကျင့်သင်ကြားပေးနိုင်မည့် လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် ထည့်သွင်းထားပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်မှာလည်း ပြည်သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးကို ရည်ရွက်ချက်တစ်ခုအဖြစ် သတ်မှတ်ပြီးတော့ အဆင့်ဆင့်သောစီမံခန့်ခွဲမှု နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနေရာများမှာ နိုင်ငံသားများကို ခန့်အပ်နိုင်ဖို့ အစီအစဉ်များ ထည့်သွင်းထားသကဲ့သို့ ကျွမ်းကျင်မှုမလိုအပ်တဲ့ လုပ်ငန်းများမှာလည်း နိုင်ငံသားများကိုသာခန့်ထားဖို့ ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းထားရှိပါတယ်။ မှတ်တမ်းများအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၇ ခုကနေ အလုပ်အကိုင်နေရာပေါင်း ၁၆၄၅၄ နေရာ ခန့်ထားနိုင်ခဲ့ပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်း ၁၅၉ ခုကနေ ၈၂၁၉၆ နေရာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၉၆၄၂၆ နေရာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၁၃၀၈၁၄ နေရာနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၁၄၁၄၄၅ နေရာတို့ကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။

လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံရဲ့လူဦးရေစုစုပေါင်းဟာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၅၁.၄၉ သန်းကျော်ရှိပြီးတော့ လူဦးရေအချိုးအစားဖွဲ့စည်းမှုအရ အလုပ်လုပ်နိုင်တဲ့ လူဦးရေစုစုပေါင်းလူဦးရေရဲ့ ၆၇ ရာခိုင်နှုန်းရှိတဲ့အတွက် အလုပ်လုပ်နိုင်သူဦးရေ အချိုးအစားမြင့်မားပြီးတော့ လူဦးရေဆုလာဘ်(Population Bonus)ရနေတဲ့ ကာလဖြစ်ပါတယ်။ ဒီကာလအခွင့်အလမ်းနှင့်အညီ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေဖို့ မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အလုပ်အကိုင်ဖန်တီးပေးနိုင်မှု(Job Creation or Employment)နှင့်ပတ်သက်ပြီးတော့ အဓိကစဉ်းစားရန် အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်အနေနဲ့ကတော့ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရာမှာ တွေ့ကြုံရမည့်အဓိကပြဿနာရပ်များနှင့် စိန်ခေါ်မှုများဖြစ်ပြီးတော့ ဒုတိယအချက်အနေနဲ့ ကာလတိုနှင့်ကာလရှည်မူဝါဒများကို တိကျစွာချမှတ်နိုင်ရေးအတွက် အလျင်အမြန်ဆောင်ရွက်သွားရေးဖြစ်ပါတယ်။ ပထမအချက်နှင့်ပတ်သက်ပြီးတော့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု၊

မူကြမ်း

ကုန်သွယ်မှုများတိုးတက်များပြားရန် လိုအပ်သကဲ့သို့ လုပ်သားများရဲ့အရည်အသွေး ပြည့်ဝမှုနဲ့ ထုတ်လုပ်မှုစွမ်းရည်စတာတို့ဟာလည်း စိန်ခေါ်မှုများအဖြစ်နဲ့ ရှိနေပါတယ်။ ဒုတိယအချက်နှင့် ပတ်သက်ပြီးတော့ ရေတိုကာလအတွင်းမှာ အလုပ်အကိုင်ဖန်တီးနိုင်မှု မြင့်မားနိုင်တဲ့လုပ်ငန်းများ အဖြစ်နဲ့ စားသောက်ဆိုင်လုပ်ငန်း၊ ကုန်သွယ်မှုနှင့်လက်လီလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့ကိုတွေ့ရှိရပြီးတော့ ဒီလုပ်ငန်းအမျိုးအစားနှင့်ဆက်စပ်ပြီးတော့ အသေးစိတ်လုပ်ငန်းများအထိ အထောက်အကူပြုစေနိုင်တဲ့ လုပ်ငန်းကတော့ ခရီးသွားလုပ်ငန်းကဏ္ဍ ဖြစ်ပါတယ်။ အလုပ်အကိုင်ဖန်တီးပေးရေးနှင့်ပတ်သက်ပြီးတော့ အစိုးရကဘယ်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံပါက အလုပ်အကိုင်မည်မျှဖန်တီးပေးနိုင်မည်၊ သုံးစွဲမည့်ကဏ္ဍကလည်း GDP ကို မည်မျှပါဝင်တိုးတက်စေမည်တို့ကို သုံးသပ်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလုပ်အကိုင်၊ အခွင့်အလမ်းများတိုးပွားရေးအတွက် သွယ်ဝိုက်သောနည်းအားဖြင့် အခွန်သက်သာခွင့်ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း၊ ဘဏ္ဍာရေးထောက်ပံ့ပေးခြင်း၊ ဘဏ္ဍာငွေအရင်းအမြစ်များကို အလွယ်တကူရရှိစေရန် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ငွေကြေးနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်းစသည်တို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းမှာ နေထိုင်မှုစရိတ်နှင့်လျော်ညီတဲ့ လုပ်ခလစာစရိတ်တွေရရှိခံစားနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးပေးခြင်းအားဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ Migrant Workers များကလည်း နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြဖို့ မျှော်မှန်းထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်အလုပ်အကိုင်ဖန်တီးရေးအတွက် ဦးစားပေးကဏ္ဍများကိုစဉ်းစားတဲ့နေရာမှာ ပြည်တွင်းအခြေအနေကိုသာမက ကမ္ဘာ့အခြေအနေ၊ ဒေသတွင်းအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ ပြည်တွင်းမှာ ကဏ္ဍအလိုက်ကန့်သတ်ချက်များအနေနဲ့ လယ်ယာကဏ္ဍကြီးနှင့် စက်မှုကဏ္ဍကြီးတို့မှာ မြေယာအသုံးချမှု၊ အရင်းအနှီး၊ လုပ်သားပြဿနာများရှိနေပြီး ဝန်ဆောင်မှုကဏ္ဍကြီးမှာ နည်းပညာနှင့်ကျွမ်းကျင်လုပ်သားရရှိမှုဟာ အဓိကကန့်သတ်ချက်ဖြစ်နေပါတယ်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ILO ရဲ့ သုံးသပ်ချက်အရ SME လုပ်ငန်းများဟာ အလုပ်အကိုင်အားလုံးဖန်တီးမှုအားလုံးရဲ့ သုံးပုံနှစ်ပုံအထိ ပါဝင်နေတာကို တွေ့ရပါတယ်။ မိမိတို့နိုင်ငံမှာလည်း SME လုပ်ငန်းများမှတစ်ဆင့် အလုပ်အကိုင်ဖန်တီးမှုကို အဓိကမြှင့်တင်သွားမှာဖြစ်ပါတယ်။

SME နှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်တဲ့ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းထားပေးထားသကဲ့သို့ ဒုတိယသမ္မတ(၁)ဦးဆောင်တဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုလည်း ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။ အဆိုပါ ကော်မတီများအနေနဲ့ လိုအပ်သည့် ဆပ်ကော်မတီများကို ထပ်ဆင့်ဖွဲ့စည်းပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် မကြာခဏ တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကာ ပုဂ္ဂလိကကဏ္ဍရဲ့ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုကို တိုးမြှင့်ပေးလျက်ရှိပါတယ်။

အလုပ်လက်မဲ့ပြဿနာများ လျှော့နည်းရေးအလုပ်အကိုင် အခွင့်အလမ်းဖန်တီးရေးတို့နှင့် ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒများမှာလည်း အချက်နံပါတ် (၂)၊ (၃)၊ နှင့် (၅)တို့မှာ အဓိက လေ့လာတွေ့ရှိနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်မှာလည်း ပါဝင်ပါ တယ်။ တစ်ဦးကျဝင်ငွေတိုးတက်စေရေးနှင့် အိမ်ထောင်စုဝင်ငွေတိုးတက်စေရေးတို့အတွက်ကို လုပ်သားအင်အားအသုံးပြုလုပ်ဆောင်တဲ့ Labour Intensive ကို ဦးစားပေးဆောင်ရွက်ခြင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးပွားလာစေရန် ဆောင်ရွက်ခြင်း၊ အမျိုးသမီးများ ဝင်ငွေရရှိစေရေး အိမ်တွင်းမှုလုပ်ငန်းများအား အားပေးမြှင့်တင်ဆောင်ရွက်ခြင်း၊ လူငယ်များ အလုပ်အကိုင်ရရှိရေးနှင့် လုပ်သားဈေးကွက် ပါဝင်လာစေရေး၊ စွန့်ဦးတီထွင်မှုအားပေးရေး၊ လုပ်ငန်းခွင်များမှ လိုအပ်တဲ့ကျွမ်းကျင်မှုရရှိစေမည့် ပညာရေးစနစ်ချမှတ်နိုင်ရေး၊ အသက် မွေးဝမ်းကြောင်းပညာ၊ လုပ်ငန်းခွင်ပညာရေး(Technical Vocational Education and Training-TVET) လုပ်ငန်းများမြှင့်တင်ရေးနှင့် မသန်စွမ်းသူများအတွက်လည်း အရည်အချင်းနှင့် ကိုက်ညီပြီး လုပ်ကိုင်နိုင်စွမ်းရှိတဲ့လုပ်ငန်းများကို ဖော်ဆောင်ပေးခြင်းစသည်တို့ကို ကဏ္ဍအလိုက် ရေးဆွဲတဲ့ စီမံကိန်းများမှာပါဝင်အောင် ထည့်သွင်းဆောင်ရွက်စေလျက်ရှိပါတယ်။ စိုက်ပျိုးစရိတ်မှ ထုတ်ချေးခြင်း၊ မွေးမြူရေးအတွက် ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်း၊ ပို့ကုန်လုပ်ငန်းရှင်များကို ချေးငွေရရှိရေးစီစဉ်ပေးခြင်း၊ အထူးစီးပွားရေးဇုန်များဖော်ဆောင်ခြင်း၊ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်းတို့ဟာလည်းပဲ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုကို ကြီးမားစွာအထောက်အကူပြုစေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ရဲ့ အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျှော့နည်းကျဆင်း လာရေးကိစ္စသည် ကျယ်ပြန့်ပြီး ရေရှည်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့်

မူဝါဒများနှင့်စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်နေသည်ကို သိရှိနိုင်ပါရန်နှင့် လွှတ်တော်များမှလည်း ဥပဒေပြုရေးအပိုင်းမှ ဝိုင်းဝန်းပံ့ပိုးကူညီပေးပါရန် တင်ပြရင်း အဆိုရှင်ရဲ့အဆိုအား မှတ်တမ်းတင်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော့်ရဲ့ အလုပ်လက်မဲ့ပြဿနာအဆိုနှင့်ပတ်သက်ပြီးတော့ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်းပဲ အထူးကျေးဇူးတင်ပါတယ်။ ဆွေးနွေးချက်တွေအားလုံးမှာ ဘက်စုံထောင့်စုံကတော်တော်များများဆွေးနွေးပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် အနည်းငယ်ပဲ တင်ပြချင်ပါတယ်။ ကျွန်တော်ဒီအဆိုကိုရေးဖြစ်ရတဲ့အကြောင်းအရင်းကလည်း ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ဖြစ်ပျက်နေတဲ့အနေအထားလေးပေါ် မူတည်ပြီးတော့ ရေးဖြစ်တာပါ။ ကျွန်တော်တို့ဆီမှာ ကျေးရွာတော်တော်များများ ရွာလုံးကျွတ်နီးပါးလောက် အလုပ်လုပ်နိုင်တဲ့အရွယ်တွေဖြစ်တယ်။ (၁၅)နှစ်ကနေ (၄၀) နှစ်လောက်။ တစ်ဖက်နိုင်ငံမှာချည်းပဲ အားလုံးအလုပ်လုပ်ကြကာ ရေရှည်မှာ နိုင်ငံအတွက် အတော်လေးအန္တရာယ်ရှိတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါတွေနဲ့ပတ်သက်လို့လည်းပဲ နောက်ပြီးတော့ တစ်ဖက်ကလည်းပဲ ဒီအလုပ်လက်မဲ့ပြဿနာနဲ့ဆက်နွှယ်ပြီးတော့ ဖြစ်လာနိုင်တဲ့ လူကုန်ကူးမှုပြဿနာတို့၊ မူးယစ်ဆေးဝါးတို့၊ ကျွန်တော်တို့ လောင်းကစားတို့ စသည်ဖြင့် ဒီဟာတွေကိုလည်းပဲ တစ်ဖက်တစ်လမ်းက ကာကွယ်စေချင်တဲ့ဆန္ဒလေးလည်းရှိတယ်။ ဒါကြောင့်မို့လို့ ဒီအလုပ်လက်မဲ့ပြဿနာကို ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေကလည်းပဲ ဖြေရှင်းစေချင်တယ်။ ဆန္ဒတွေရှိတယ်။ နိုင်ငံသူနိုင်ငံသားတွေရဲ့လိုအပ်ချက်ကလည်း ဒီအလုပ်လက်မဲ့ပြဿနာကို တစ်နည်းနည်းနဲ့ လျော့နည်းသွားစေချင်တဲ့ဆန္ဒလည်းရှိတယ်။ ဒီလိုဆန္ဒတွေကို ဖြည့်ဆည်းပေးချင်တဲ့အနေနဲ့ ကျွန်တော်လွှတ်တော်မှာ ဒီအဆိုလေးကိုရေးသား တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအဆိုဟာ ဝန်ကြီးပြောသလိုပဲ အလွန်ကိုကျယ်ပြန့်ပါတယ်။ ကျွန်တော်စပြီးတော့ ရေးကတည်းကကိုပဲ မှတ်တမ်းတင်ဖို့အဆင့်လောက်ပဲ ကျွန်တော်မျှော်လင့်ခဲ့တာပါ။ ဒီအဆိုကို ပြည်သူပြည်သားတွေ၊ နိုင်ငံသူနိုင်ငံသားတွေအတွက် ပြည်သူ့လွှတ်တော်ကြီးမှာ ဆွေးနွေးခွင့်ရတာက ကျွန်တော်တို့ လွှတ်တော်ရဲ့အမြတ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို မှတ်တမ်းတင်ရုံအပြင်ကို တိုးတက်လာဖို့အတွက် ဆက်လက်စောင့်ကြည့်ပေးနိုင်ဖို့အတွက် တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန် ရှင်းလင်းပြောကြားထားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးခင်ချို တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့
## (၁၄.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဦးသောင်းအေး
(ပျော်ဘွယ် မဲဆန္ဒနယ်)



ဒေါက်တာဒေါ်ခင်ညို
(ဒေးဒရဲ မဲဆန္ဒနယ်)



ဒေါ်နန်းခမ်းအေး
(နမ္မတူ မဲဆန္ဒနယ်)



ဦးကျော်မင်း
(ကမာရွတ် မဲဆန္ဒနယ်)



ဦးအောင်စိန်
(ထားဝယ် မဲဆန္ဒနယ်)



ဦးစိုင်းဘသိန်း
(လင်းခေး မဲဆန္ဒနယ်)



ဦးခင်မောင်ချို (ဝန်ကြီး)
စက်မှုဝန်ကြီးဌာန



ဗိုလ်ချုပ်အောင်စိုး (ဒုဝန်ကြီး)
ပြည်ထဲရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်